*Established since April 2000*

# COMMUNICATION BULLETIN

## MYANMAR CHRISTIAN COMMUNICATION SERVICES

**Vol(8). No.(94)** **January 2008**



ဂျပန်နိုင်ငံတိုကျိုမြို့ရှိ **Saint Mary's Cathedral**

*Jhk*

# အမှာစာ

မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါသည်။ နှစ်သစ်ရောက်လာပြီဆိုလျှင် လူတိုင်းလူတိုင်း စိတ်သစ်၊ လူသစ်ဘဝနှင့် နှစ်သစ်တွင် အစစအရာရာ အကောင်းဆုံးဖြစ်အောင်ကြိုးစားနေထိုင်ကြမည်ဟု ဆုံးဖြတ်တတ်ကြပါသည်။

အမှန်စင်စစ် ယခင်နှစ်များကလည်း ဤကဲ့သို့ပင် ဆုံးဖြတ်တတ်ကြပါသည်။ သို့ရာတွင် အောင်မြင်သောနှစ်များရှိသကဲ့သို့ အခက်အခဲပြဿနာပေါင်းများစွာနှင့်ကြုံတွေ့ဖြတ်သန်းရသောနှစ်များလည်း ရှိတတ်ပါသည်။

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံးမျှော်လင့်ရည်မှန်းချက်ထားရှိသူများရှိသကဲ့သို့ ဒုက္ခပြဿနာပေါင်းစုံရှိသောသူများလည်း ၂၀၀၈ခုနှစ်ကို မည်ကဲ့သို့ဖြတ်သန်းရမည်ဆိုသည်ကို စဉ်းစားပြီး၊ စိတ်ဓါတ်ကျ၊ အားငယ်နေသူများလည်းရှိကောင်းရှိနိုင်ပါသည်။

ဘဝအောင်မြင်သူများက ဘုရားရှင်၏ကျေးဇူးတော်ကို အစဉ်ချီးမွမ်းတတ်ရန်လိုအပ်ပါသည်။ စိတ်အားငယ်သူများအတွက်လည်း အသစ်တဖန် အောင်မြင်ရေးလမ်းစကိုရှာတတ်ရန်လိုပါသည်။ “ထာဝရဘုရား၌ ခိုလှုံခြင်းသည် လူကိုကိုးစားခြင်းထက်သာ၍ကောင်း၏။” (ဆာလံ ၁၁၈း၈–၉) အောင်မြင်သောအခါ၌ ဘုရားရှင်၏ကျေးဇူးတော်ကိုချီးမွမ်းတတ်သလို၊ ဆုံးရှုံးသောအသက်တာခံစားရသောအခါ၌လည်း စိတ်ဓါတ်ကျအားငယ်ရန်မဟုတ်ပဲ၊ ဘုရားရှင်၌သာ၍ခွန်အားယူရန်ဖြစ်ပါသည်။ ထိုကြောင့်နှစ်သစ်၌ တစ်နှစ်တာအတွက် လုပ်ငန်းစဉ်အချိန်ဇယားချ သတ်မှတ်သည့်အခါ မိမိကိုယ်ကိုအားကိုးခြင်း၊ သူတပါးကို မှီခိုပြီးရေးဆွဲခြင်းများမဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်နှင့်ညီမညီကို ရှေးဦးစွာစဉ်းစားဆုံးဖြတ်ရန်ဖြစ်ပါသည်။

ဘဝ၌အောင်မြင်ခြင်း၊ ကျရှုံးခြင်းကိုလည်း မည်ကဲ့သို့တိုင်းတာတွက်ချက်ပါသနည်း။ ဘဝ၌အောင်မြင်ခြင်းဆိုသည်မှာ ဘုရားရှင်၏အလိုတော်နှင့်အညီအောင်မြင်ခြင်းဖြစ်ရန်လည်းလိုအပ်ပါသည်။ လောက၌ကျရှုံးသည်ဟုယူဆရသောအရာများသည် ဘုရားရှင်၏အလိုတော်နှင့်ညီသောအောင်မြင်ခြင်းလည်း ဖြစ်တတ်ပါသည်။ ထိုနည်းတူစွာ လောက၌အောင်မြင်သည်ဟုယူဆရသောအရာများသည် ဘုရားသခင်ရှေ့တော်မှောက်၌ မဖွယ်ရာသောဆုံးရှုံးမှုများဖြစ်တတ်သလို၊ လောက၌ကျရှုံးခြင်းသည် ဘုရားရှင်အလိုတော်နှင့်မညီသော ကျရှုံးခြင်းမျိုးဖြစ်ပါက၊ နှစ်ခါပြန် ဆုံးရှုံးသူဖြစ်သွားပါလိမ့်မည်။

ထိုကြောင့် မိမိကိုယ်မိမိ ဘုရားအလိုတော်နှင့်ညီသောအောင်မြင်ခြင်းအသက်တာ၌ အသက်ရှင်လျှောက်လှမ်းသောဘုရားလူဟုတ်မဟုတ်၊ ဘုရားအလိုတော်နှင့်မညီသောအသက်တာ၌ လျှောက်လှမ်းမိသောဘုရားရှင်အသုံးပြုသောသူများဖြစ်နေပါသလားဆိုသည်ကိုစဉ်းစားသုံးသပ်နိုင်ရန်၊ ဆရာလိန်းမနား၏ “ဘုရားသခင်၏လူနှင့် ဘုရားအသုံးပြုသူ”ဆောင်းပါးကို သေချာဖတ်ရှုဆင်ခြင်ရန် နှိုးဆော်လိုပါသည်။

ဘုရား၏အလိုတော်ကိုသိနိုင်ရန် ဝိညာဉ်တော်နှင့်မိတ်ဖွဲ့ခြင်း၊ နေ့စဉ်ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းပြုပြီး၊ ဘုရား၏အသံတော်ကိုနာခံတတ်ရန်ဖြစ်ပါသည်။

စာဖတ်သူအယောက်တိုင်းသည် ၂၀၀၈ ခုနှစ်တွင် အောင်မြင်သောအသက်တာများရရှိနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အမှုတော်မြတ်၌

Thang Nang Lian Thang & Ma Yin Yin @ Julia Man Ngaih Hau
(Publishers and editors)
Myanmar Christian Communication Bulletin
Tokyo, Japan. January 2008

# မာတိကာ


၁။ ဆုတောင်းခြင်း၌ဘုရားသခင်၏အလိုတော်၊ (Rev. Kenneth E. Hagin) စာမျက်နှာ ၄

၂။ ဘဝခရီးနှင်စေသောရည်ရွယ်ချက်၊ (ဆရာအောင်သက်ညွန့်) ။ ၈

၃။ သတင်းတိုထွာ ။ ၁၄

၄။ ထာဝရဘုရား၏မေတ္တာတော် ဂျပန်နိုင်ငံသို့ပြန့်ပွားပုံ။(Pastor Kam Do Thang) ။ ၁၅

၅။ ဘုရား၏လူနှင့် ဘုရားအသုံးပြုသူ (Rev. Ling Mana) ။ ၁၆

၆။ ယုဒသန်နှင့်မြန်မာရွှေပြည်၊ (မောင်စင်ကြယ်) ။ ၂၀

၇။ What a punishment sinning against God in secret
(Rev. Dr. Sai Htwe Maung) ။ ၂၅


## Myanmar Christian Communication Services


**Editor**
**Myanmar Christian Communication Service**
**1-11-13 Shin Ohashi, Yonezawa 4.F. Koto-ku 135-0007 Tokyo, Japan**
☏- & 🖷 - **03-5625-9056**
e✉ - **haukhek@yahoo.com**, e✉ - **lianthang@hotmail.com**


မြန်မာခရစ်ယာန်စာစောင်ဖြစ်မြောက်ရေးအတွက် လစဉ် အလှူငွေအားဖြင့် ပါဝင်သော ဘုတ်ဘုတ် ***(Ms. Cing Lam Mang)***နှင့် ယခုလတွင် ပါဝင်သော ***Ms. Esther Biak Mawi, Ms. Helen Thla Bor, Ms.Kyi Sung*** နှင့် ***Ms. Jasmine Ngun Tang*** တို့အား ကျေးဇူးတင်ရှိပါကြောင်း၊ မှတ်တမ်း တင်အပ်ပါသည်။ ၎င်းပြင် ဆုတောင်းခြင်းအားဖြင့်သော်၎င်း၊ စာမူများပေးပို့ခြင်း အားဖြင့်သော်၎င်း၊ ပါဝင်ကြသော ယုံကြည်သူအပေါင်းတို့အပေါ် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများ သာ၍ကြွယ်ဝစွာ သက်ရောက်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

# ဆုတောင်းခြင်း၌ ဘုရားသခင်၏အလိုတော်

ဆရာကြီးကဲနက်(ဘ်)၊အီး၊ဟောဂင်

## ဆုတောင်းခြင်းနှင့်ပတ်သက်၍ သခင်ယေရှု၏မိန့်ဆိုချက် (အပိုင်း-၁)
## သင်ခန်းစာ (၃)

ကျမ်းညွှန်း – မဿဲ ၆း၅-၁၉၊

အခြေခံသမ္မာတရား – ထာဝရဘုရား၏ပဌနာတော်သည် ဆုတောင်းခြင်းအတွက် မူဝါဒများကို တွေ့မြင်နိုင်သောပုံစံတစ်ခုဖြစ်သည်။

ခရစ်တော်သည် ဤလောက၌ရှိနေစဉ် ဆုတောင်းခြင်းနှင့်ပတ်သက်ပြီး၊ အတော်အတန်သွန်သင်ဆုံးမခဲ့သည်။ လူသိအများဆုံးနှင့် အဖန်တလဲလဲရွတ်ဆိုသည့် ဆုတောင်းချက်မှာ ထာဝရဘုရား၏ပဌနာတော်ပင်ဖြစ်သည်။ ဤတိုတောင်းသောဆုတောင်းချက်၌ သခင်ယေရှုက တပည့်တော်တို့အား ဆုတောင်းရန်ပုံစံကို ဖော်ပြပေးခဲ့ကြောင်းတွေ့ရှိရသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း၌ ဤပဌနာတော်၏အထက်ဖက်တွင် ဖော်ပြထားသော ကျမ်းပိုဒ်များသည်လည်း ဆုတောင်းခြင်းနှင့်ပတ်သက်ပြီး၊ ပိုမိုသိရှိစေသည်။ အမှန်တကယ်ဆုတောင်းခြင်းအတွက်ပဏာမအစပင်ဖြစ်သည်။

(မဿဲ၆း၅-၁၃) သင်တို့သည် ဆုတောင်းပဌနာပြုသောအခါ လျှို့ဝှက်သောသူတို့နည်းတူမပြုနှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှါ ပွဲသဘင်လမ်းဆုံလမ်းဝတို့၌ရပ်လျက် ဆုတောင်းခြင်းငှါ အလိုရှိကြ၏။ ငါအမှန်ဆိုသည်ကား ထိုသူတို့သည် မိမိတို့အကျိုးကို ခံရကြ၏။ သင်သည် ဆုတောင်းသောအခါ ဆိတ်ညံ့ရာအခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ မထင်ရှားသောအရပ်၌ရှိတော်မူသော သင်၏အဘကိုဆုတောင်းလော့။ မထင်ရှားသောအရာကိုမြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ့ံ။ သင်တို့သည် ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်းနှီးသောစကားအားဖြင့် အထပ်ထပ်မမြွက်ကြနှင့်။ ထိုသူတို့သည် များစွာသောအားဖြင့် မိမိတို့အလိုပြည့်စုံမည်ဟု ထင်မှတ်ကြ၏။ ထိုသူတို့နည်းတူ မပြုကြနှင့်။ အကြောင်းမူကား သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမီ သင်တို့အဘသိတော်မူ၏။ ထိုကြောင့် သင်တို့ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော၊ နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော၊ အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ။ သူတစ်ပါးသည် အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ။ အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်တော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ ရှိပါ၏။ အာမင် ဟု ဆုတောင်းကြလော့။

### တစ်ဦးချင်းဆုတောင်း

သခင်ခရစ်တော် အဦးဆုံးပြောဆိုသည့်စကားသည် "သင်သည် ဆုတောင်းပဌနာပြုသောအခါ လျှို့ဝှက်သောသူတို့နည်းတူမပြုနှင့်" ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအမှု၌ သူတော်ကောင်းယောင်ဆောင်သူများကဲ့သို့ မဖြစ်စေရ။ သခင်ယေရှုက သူတော်ကောင်းအယောင်ဆောင်တို့ကို ဖော်ပြရာ၌ "ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှါ ပွဲသဘင်လမ်းဆုံလမ်းဝတို့၌ရပ်လျက်၊ ဆုတောင်းခြင်းငှါအလိုရှိ၏။"

ဤကျမ်းချက်သည် ကျွန်ုပ်တို့တစ်ဦးချင်းသာ ဆုတောင်းရမည်ဟု မဆိုလိုပါ။ ရှေးအသင်းတော်အား

လေ့လာမည်ဆိုလျှင် တမန်တော်ဝတ္ထုတစ်ခုလုံး၌ပင် ၎င်းတို့သည် အတူတကွ အုပ်စုအလိုက် ဆုတောင်းကြသည်ကို တွေ့မြင်ရသည်။

သခင်ယေရှု ရည်ညွှန်းနေခြင်းမှာ လူများမြင်တွေ့ရုံလောက်သာ ဆုတောင်းခြင်းမပြုကြရန်အတွက် ဖြစ်သည်။ လူအများရှေ့၌ ဆုတောင်းရာတွင် အချို့သူများသည် တကယ်ကိုပင် ဝိညာဉ်ရေးရာမြင့်မားသူများကဲ့သို့ လုပ်ဆောင်ကြသည်။ လူအများတို့က ၎င်းတို့အားဆုတောင်းခြင်းသူရဲကောင်းများဟု ထင်မြင်ကြစေရန် လုပ်ဆောင်ကြသည်။ တစ်ခြားသူများ၏ ချီးမွမ်းထောပဏ္ဏာရယူလိုခြင်းအတွက် ဆုတောင်းသူများသည် ၎င်းတို့၏ ဆုလဒ်အဖြစ် အခြားသူများ၏ ထောပဏ္ဏာပြုခြင်းကိုသာခံရမည်။

"သင်တို့သည် ဆုတောင်းသောအခါ ဆိတ်ညံရာအခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ မထင်ရှားသော အရပ်၌ရှိတော်မူသော သင်၏အဘကို ဆုတောင်းတော့"ဟု သခင်ယေရှုက တပည့်တော်တို့အား မှာကြားခဲ့သည်။ တစ်ဦးချင်းဆုတောင်းခြင်း၏ အရေးပါပုံကို အလေးအနက်ပြောဆိုနေခြင်းဖြစ်သည်။

လူအများဆုတောင်းခြင်းသည် လိုအပ်ပြီး၊ အသင်းတော်၏အသက်သွေးကြောပင်ဖြစ်သည်။ မိသားစု အတူတကွ ဆုတောင်းခြင်းသည်လိုအပ်ပြီး၊ အိမ်ထောင်၏ဝိညာဉ်ရေးရာခွန်အားအတွက် အသက်သွေးကြော ဖြစ်သည်။ တစ်ဦးချင်းဆုတောင်းခြင်းသည် တစ်ဦးချင်း၏ ဝိညာဉ်ရေးရာအသက်တာအတွက် အမှန်တကယ် လိုအပ်ချက်ဖြစ်သည်။ မိမိ၌ ပြဿနာဖြစ်နေသောအချိန်၊ အမှန်တကယ်လိုအပ်နေသောအချိန်ကျမှသာလျှင် ဒူးထောက်ကြရမည်မဟုတ်ပေ။ ဘုရားသခင်နှင့်မိဿဟာယဖွဲ့ရန်နေ့စဉ်သတ်မှတ်ထားသောအချိန်၌ ဆုတောင်းခြင်းအားဖြင့် ထိုကဲ့သို့သောပြဿနာများ၊ အရေးအခင်းများဖြစ်ပေါ်လာသည့်အချိန်တွင် ဝိညာဉ်ရေးအရ ကြိုတင်ပြင်ဆင်မှုရှိဖို့ရန် လိုအပ်သည်။

## အထပ်ထပ်အခါခါဆုတောင်းခြင်း

"သင်တို့သည် ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်းနှီးသောစကားဖြင့်၏ အထပ်ထပ် မမြွက်ကြနှင့်။ ထိုသူတို့သည်များစွာသောစကားအားဖြင့် မိမိတို့အလိုပြည့်စုံမည်ဟုထင်မှတ်ကြ၏။ (း၇)

ဘုရားသခင်ထံမှသွန်သင်မှု(၂)ချက်ကိုတွေ့ရှိရသည်။ (၁)သူတော်ကောင်းကဲ့သို့အယောင်ဆောင် ဆုတောင်းခြင်းမပြုလုပ်ရန်။ (၂)သာသနာပလူများကဲ့သို့ ဆုတောင်းခြင်းမပြုလုပ်ရန်။

သာသနာပလူများသည် ၎င်းတို့အထပ်ထပ်အခါခါတောင်းခံခြင်းအားဖြင့် ၎င်းတို့ဘုရားများသည် ကြားနာမည်ဟုထင်မှတ်ကြသည်။ ထိုကဲ့သို့သော ခံယူချက်များသည် ခရစ်ယာန်များ၏အတွေးအခေါ်ကဲ့သို့ပင် စိမ့်ဝင်လာပြီး ဖြစ်သည်။ အချို့သူများသည် ၎င်းတို့၏ ရှည်လျားဖွဲ့နွဲ့စကားကြွယ်ဝစွာ ဆုတောင်းခံချက်များကို ဘုရားသခင်ကြားနာလိမ့်မည်ဟု ထင်မှတ်ကြသည်။ ဆုတောင်းချက်တစ်ခု သုံးနှုန်းသောဝေါဟာရများကို အထပ်ထပ်အခါခါရွတ်ဆိုကြသည်။ အမှန်မှာ ဤအရာကိုပင် သခင်ယေရှုသည် "အချည်းနှီးသောစကားဖြင့် အထပ်ထပ်မမြွက်ကြနှင့်"

"ထိုသူတို့နည်းတူမပြုကြနှင့်။ အကြောင်းမူကား သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမီ သင်တို့ အဘ သိတော်မူ၏။" ကျွန်ုပ်တို့လိုအပ်ချက်များကို မတောင်းမီကပင် ဘုရားသခင်သိရှိပြီးသော်လည်း ကျွန်ုပ်တို့ အားတောင်းခံစေလိုသည်။ မဿဲ ရး၈ တွင် "တောင်းကြလော့၊ တောင်းလျှင်ရမည်၊"

ဆုတောင်းချက်တစ်ခုကို အထပ်ထပ်အခါခါ တောင်းခံခြင်းအားဖြင့် ဘုရားသခင်ကြားနာမည် မဟုတ်ပါ။ ရှည်လျားစွာတောင်းခံခြင်း၊ ကျယ်လောင်စွာတောင်းခံခြင်းအားဖြင့်လည်း ဘုရားသခင်ကြားနာမည်ဟု ထင်မြင်ယူဆကြသည်။ သင်သည် ကျယ်လောင်စွာတောင်းခံခြင်းအားဖြင့်လည်းကောင်း၊ တိတ်ဆိတ်ငြိမ်သက်စွာ တောင်းခံခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်ကြားနာမည်မဟုတ်ပေ။ ယခင်သင်ခန်းစာများ၌ ဖော်ပြခဲ့သည့်အတိုင်း ဘုရားသခင်ကြားနာခြင်းသည် ယုံကြည်ခြင်း ဆုတောင်းသံပင်ဖြစ်သည်။ ဆုတောင်းသောအခါ နှုတ်ကပတ်တော်အတိုင်းခံယူပြီး ယုံကြည်သောအားဖြင့် ဘုရားသခင်သည် ကြားနာသည်။

## ဆုတောင်းခြင်း၏အခြေခံမူဝါဒများ

မဿဲ ၇း ကို ဆက်ဖတ်ကြည့်လျှင် သခင်ယေရှုက မိမိတပည့်တော်များအား ဆုတောင်းခြင်း၏ အခြေခံအချို့ကို သွန်သင်ပေးခဲ့သည်။ ထာဝရဘုရား၏ ပဌနာတော်ဟု ခေါ်ဆိုပြီး တပည့်တော်များ၏ ဆုတောင်းချက်ဆိုလျှင် ပို၍မှန်ကန်ပေမည်။ သခင်ယေရှုလောက၌ရှိစဉ်ကပေးခဲ့သော ဆုတောင်းခြင်းနမူနာပုံစံဖြစ်သည်။

ဤသို့ဆုတောင်းခြင်းသည် အသင်းတော်မှ ဆုတောင်းနေခြင်းမဟုတ်။ အဘယ်ကြောင့်ဆိုသော် တပည့်တော်များသည် သခင်ယေရှုနာမတော်အားဖြင့် မည်သည့်အရာကိုမျှမတောင်းခံခဲ့ပေ။ အသင်းတော်က ဆုတောင်းသောအခါ သခင်ယေရှုနာမတော်ကို အမှီပြု၍ ဆုတောင်း၏။ (ဆုတောင်းခြင်းနှင့်ပတ်သက်သည့် သမ္မာတရားမြောက်မြားစွာကို ကျွန်ုပ်တို့သည် သွန်သင်ခံယူသည်။

သခင်ယေရှုက ပဌနာတော်ကို တစ်လုံးမကျန် တိကျစွာတောင်းခံရန် ပြောဆိုနေခြင်းမဟုတ်ပေ။ အသင်းတော်အတွက် ဆုတောင်းခြင်းနှင့်ပတ်သက်သည့်မူဝါဒများကိုပေးထားခဲ့ခြင်းဖြစ်သည်။

## ချီးမွမ်းခြင်း၏မူဝါဒ

"ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်အဘ"ဆုတောင်းချက်သည် ဤစကားလုံးများအားဖြင့် အစပြုသည်။ ဤဆုတောင်းချက်ကို ကဗျာရွတ်ဆိုသကဲ့သို့လည်းကောင်း၊ သီချင်းသီဆိုသကဲ့သို့လည်းကောင်း၊ ကယ်တင်ခြင်းမရရှိသေးသောသူများပင်လျှင် တောင်းခံနိုင်သည်။ သို့ရာတွင် ဤဆုတောင်းချက်ကို နှလုံးသားထဲမှ အမှန်တကယ်တောင်းခံပြီး ဘုရားသခင်နှင့် မိဿဟာယဖြစ်နိုင်ဘို့ရန်အတွက် တောင်းခံသူသည် ဘုရားသားသမီးအစစ်အမှန်ဖြစ်ရမည်။ ထိုသို့မဟုတ်ပါက "ကျွန်ုပ်တို့၏အဘ"ဟူ၍ မခေါ်ဆိုနိုင်ပေ။

ကျွန်ုပ်တို့အပေါ်၌ ဘုရားသခင်၏အဘဖြစ်မှုအားလည်းကောင်း၊ လူလူချင်းညီအစ်ကိုမောင်နှမဖြစ်မှုအား လည်းကောင်း၊ သွန်သင်မှုများကို များစွာခံယူရသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်း၊ ဘုရားသခင်သည် လူသားအားလုံး၏အဘဖြစ်ကြောင်း ပြောဆိုသူများလည်း ရှိသည်။ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း မိမိဖန်ဆင်းထားသောလူများဖြစ်စေကာမူ လူတိုင်း၏အဘမဟုတ်ပေ။ သူ၏မိသားစုဖြစ်သော ဒုတိယအကြိမ်မွေးဖွားခြင်းခံပြီးသောသူများ၏ အဘသာလျှင်ဖြစ်သည်။

သခင်ယေရှုလောကတွင် အမှုတော်ဆောင်စဉ်က အလွန်ပင်ဘာသာရေးကိုင်းရှိုင်းသည်ဟုထင်ရသော ဖာရိရှဲတစ်ခုကိုပြောကြားခဲ့သည်။ "သင်တို့သည် သင်တို့၏အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။" (ယော ၈း၄၄) ဖာရိရှဲများသည် အကျင့်ပိုင်းနှင့်ဆိုင်ပြီး ကောင်းမွန်သောသူများ ဖြစ်ကြသည်။ သို့ရာတွင် သခင်ယေရှုက "သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။"ဟု မိန့်ဆိုခဲ့သည်။

သခင်ယေရှု၏ဆိုလိုရင်းအဓိပ္ပါယ်မှာ ဘုရားသခင်ထံတော်သို့ မှန်ကန်သည့်နည်းလမ်းဖြင့် ချဉ်းကပ်နိုင်ရန်မှာ ချီးမွမ်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့်သာလုပ်ဆောင်ရန်ဖြစ်သည်။ "ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော"(း၉) ဘုရားသခင်သည် ကျွန်ုပ်တို့၏အာဏာဖြစ်သည့်အတွက် မျက်မှောက်တော်ထဲသို့ ဝင်ရန်မှာ ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့်သာ လုပ်ဆောင်နိုင်သည်။

## ဘုရားသခင်အား ဦးထိပ်ထားခြင်းမူဝါဒ

"နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော"(း၁၀) ဤကျမ်းချက်တွင် ပါဝင်သည့်မူဝါဒတွင် ဘုရားသခင်၏နိုင်ငံတော်ကို ဦးထိပ်ထားခြင်းဖြစ်သည်။ ဤအခန်း၏နောက်ပိုင်းတွင် ဤမူဝါဒကို သခင်ယေရှုက ထပ်မံမိန့်ကြားခဲ့သည်။ "ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍

ပေးတော်မူလတ္တံ့။"(မဿဲ ၆း၃၃) ကျွန်ုပ်တို့သည် ဘုရားသခင်အား ဦးထိပ်ထားပါက လောကီဥစ္စာပစ္စည်းများ အတွက် ပူပင်ရန် မလိုအပ်ပေ။ "နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့"

ကျွန်ုပ်တို့သည် အသက်တာ၌ ပျော်ကလိမ်းသည့်အခါ ဘီနပ်များစုတ်ပြတ်နေခြင်း၊ ကြွေးမြီများတင် နေခြင်း၊ ကားမစီးနိုင်ခြင်းတို့အားဖြင့် အသက်ရှင်ပျော်ကလိမ်းရန်မဟုတ်ပေ။ ဘုရားသခင်သည် ကျွန်ုပ်တို့ အသက်တာထဲ၌ရှိနေလျှင် "ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့"

ဤဆုတောင်းချက်သည် ဤမျှပြည့်စုံသည်ကို သင်သတိပြုမိပါသလား။ "နိုင်ငံတော်တည်ထောင်ပါစေ သော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော" ကောင်းကင် ဘုံ၌ ဖျားနာနေသူများရှိနေသည်ဟု သင် ထင်မြင်ပါသလား။ ကမ္ဘာလောက၌ ဖျားနာသူများရှိနေခြင်းသည်လည်း ဘုရားသခင်အလိုတော်မဟုတ်ပေ။

ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာများပေါ်၌ ကောင်းကြီးမင်္ဂလာများကို သွန်းလောင်းလိုသည်။ ကျွန်ုပ်တို့ ကမ္ဘာလောကထဲ၌ အသက်ရှင်ကြရာတွင် ကောင်းကင်ဘုံကဲ့သို့ပင် မိမိ၏အလိုတော်ထဲ၌သာ ရှင်သန် စေလိုသည်။ ကျွန်ုပ်တို့အား ကြွယ်ဝသောအသက်တာကိုခံစားစေလိုသည်။ "ငါမူကား သိုးတို့သည် အသက် လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှါလာသတည်း"(ယော ၁၀း၁၀)။

## နေ့စဉ်ဆုတောင်းခြင်းမူဝါဒ

နောက်ထပ်ကျမ်းပိုဒ်တစ်ပိုဒ်၌ ဘုရားသခင်က ကျွန်ုပ်တို့လိုအပ်ချက်များအားလုံးကို တောင်းခံရန် နေ့စဉ်ဆုတောင်းခြင်း၏ အရေးကြီးပုံကို သခင်ယေရှုက ထပ်မံမိန့်ဆိုသည်။ "အသက်မွေးလောက်သောအစာ ကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ။"(မဿဲ ၆း၁၁) ဘုရားသခင်သည် ကျွန်ုပ်တို့ လိုအပ်ချက် အားလုံးကိုသိသော်ငြားလည်း ကျွန်ုပ်တို့အား မိမိထံ၌ တောင်းခံစေလိုသည်။

## ခွင့်လွှတ်ခြင်း၏မူဝါဒ

သခင်ယေရှုလောက၌ရှိစဉ်က ခွင့်လွှတ်ခြင်းနှင့် ပတ်သက်ပြီး အတော်အတန်သွန်သင်ဆုံးမခဲ့သည်။ ဆုတောင်းချက်၌ မဖြစ်မနေပါရှိရမည်အချက်မှာ ခွင့်လွှတ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ "သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ။ (မဿဲ ၆း၁၂)။ "သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ ရှိတော် မူသော သင်တို့အဘသည် သင်တို့အပြစ်ကို လွှတ်တော်မူမည်။ သင်တို့သည် သူတပါးတို့၏အပြစ်ကို မလွှတ်လျှင် သင်တို့ အဘသည် သင်တို့အပြစ်ကို လွှတ်တော်မမူ"(မဿဲ ၆း၁၄-၁၅)

ခွင့်မလွှတ်နိုင်သည့်နှလုံးသားထဲ၌ ဆုတောင်းခြင်းသည် အလုပ်မလုပ်နိုင်ပေ။ လူသားတစ်ဦးအား ချည်နှောင်ထားပြီး အဖြေရရှိနိုင်သည့် ဆုတောင်းခြင်းအသက်တာအား ထိန်းသိမ်းမထားနိုင်ပါ။

စိတ်ရှုတ်ထွေးမှု၊ စိတ်လှုပ်ရှားမှု၊ မကျေနပ်မှုများသည် သူတပါးအပေါ်တွင်ခါးသီးမှုများကို ဖြစ်ပေါ် စေသည်။ မကြာခဏတွေ့ရှိရသည့်အကြောင်းအချက်များဖြစ်သည်။ ဆရာဝန်များ၏ သုတေသနပြုချက်အရ အခြားသူများအပေါ် ရင်ထဲ၌မုန်းတီးမှု၊ ဝန်တိုမှုထားရှိသူများသည် အချို့ရောဂါများပိုမိုလွယ်ကူစွာဖြစ်တတ် ကြောင်း သိရှိရသည်။ ၎င်းတို့၏လူနာများသည် ထိုအရာများအား စိတ်နှလုံးထဲ၌ဖျောက်ဖျက်ပစ်နိုင်လျှင် ဆေးဝါးကုသမှုအားဖြင့် ထူးခြားမှုမရှိသော်လည်း မကြာခင်ပင် ထိုရောဂါပျောက်ကင်းသွားသည်။ ကျွန်ုပ်တို့ အတွင်းခံစားမှုများသည် ကိုယ်ကာယကျန်းမာရေးနှင့်ဆက်နွယ်နေကြောင်း ဆေးသိပ္ပံအားဖြင့် တစ်စတစ်စ သိရှိလာပြီးဖြစ်သည်။

ဘုရားသခင်နှင့်နီးစပ်စွာမိဿဟာယဖွဲ့မှုမရှိဘဲနှင့် အသက်တာတွင် ပျော်ကလိမ်းနေသော ခရစ်ယာန် များက လူတစ်ဦးသည် ၎င်းတို့အပေါ်၌ မကောင်းမှုလုပ်ဆောင်ချက်တစ်ခုကို ပြန်လည်ပြောဆိုရာ၌ ထိုသူကို

ထိုလုပ်ရပ်အတွက် ခွင့်လွှတ်ထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် ထိုလုပ်ရပ်ကို မည်သည့်အခါမျှမေးနိုင်မည် မဟုတ်ကြောင်း၊ ပြောဆိုတတ်ပါသည်။ အမှန်တကယ်မှာ ထိုသူအား ခွင့်လွှတ်ခြင်းမဟုတ်ဘဲ မိမိနှလုံးသားထဲ၌ မုန်းတီးမှုများကိန်းအောင်းနေဆဲပင်ဖြစ်သည်။

### စုံစမ်းမှုမှလွတ်မြောက်ခြင်းအတွက်မူဝါဒ

"အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ" (မဿဲ ၆း၁၃) "အပြစ်သွေးဆောင်ရာ"ဆိုသည့်အဓိပ္ပါယ်မှာ စုံစမ်းခြင်း၊ စစ်ကြောခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ သားသမီးတစ်ဦးသည် သင့်မြတ်သည်ဆုတောင်းအသက်တာရှိပြီး၊ ဘုရားသခင်နှင့်မိဿဟာယဖွဲ့မှုရှိလျှင် ထိုစုံစမ်းစစ်ကြောခြင်းများကို ကြို့တင်ကျော်လွှားနိုင်မည်။

ဆုတောင်းချက်နိဂုံး၌ "အစိုးရပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်တော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။ အာမင်" (မဿဲ ၆း၁၃) ချီးမွမ်းခြင်းဖြင့်သာ အစပြုခဲ့သည့် ဆုတောင်းပဌနာသည် ချီးမွမ်းခြင်းအားဖြင့်သာ အဆုံးသတ်သည်။

> ကျက်မှတ်ရန်ကျမ်းချက်
>
> ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့်ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်း ခြင်း၌ အားမလျော့ဘဲလျက် ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့။ (ဧဖက် ၆း၁၈)

ဆက်လက်ဖော်ပြပါမည်။

# ဘဝခရီးနှင့်စေသောရည်ရွယ်ချက်

## The Purpose Driven Life (Rick Warren)

ဆရာအောင်သက်ညွှန့်

### မိဿဟာယပျက်ပြားမှုကို နဂိုအတိုင်း ပြန်ဖြစ်စေခြင်း

ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် ငါတို့၏ရန်ကို ငြိမ်းစေ၍
ကိုယ်တော်နှင့်မိဿဟာယဖွဲ့စေတော်မူ၏။
ထိုမိဿဟာယတရားကို ဟောရသောအခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏။ (၂ကော ၅း၁၈)

ပေါင်းသင်းဆက်ဆံရေးဟူသည် နဂိုမူလအတိုင်းပြန်ဖြစ်အောင် ဆောင်ရွက်ရန်မှာ အစဉ်အမြဲပြုအပ်သောအမှုဖြစ်သည်။

ဘာကြောင့်လဲဆိုတော့၊ ဘဝအသက်တာဆိုတာက ဘယ်လိုချစ်မေတ္တာထားရမလဲဆိုတာကို သင်ယူ နေရခြင်းသက်သက်ဖြစ်သလို၊ ဘုရားသခင်က ပေါင်းသင်းဆက်ဆံရေးတွေကို တန်ဖိုးထားစေချင်တဲ့အတွက် ဖြစ်တယ်။ ဒီထက်မက စိတ်ဝမ်းကွဲပြားခြင်း၊ ထိခိုက်နစ်နာခြင်း ဒါမှမဟုတ် ပဋိပက္ခတွေဖြစ်လာတဲ့အခါခါတိုင်းမှာ ဆက်ဆံရေးကို စွန့်လွှတ်ပစ်မယ့်အစား၊ ပြန်လည်ထိန်းသိမ်းထားဖို့ ကြိုးစားအားထုတ်ရန် ဘုရားသခင် အလိုတော်ရှိတယ်။ အမှန်တကယ်တော့ သမ္မာကျမ်းစာက ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရန်ငြိမ်းခြင်းအမှုတော်လုပ်ငန်းကို ပေးအပ်ထားတယ်

လို့ မိန့်ဆိုတယ်။ (၂ကော ၅း၁၈) ထိုအကြောင်းကြောင့် ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့အချင်းချင်း သင့်သင့်မြတ်မြတ် အဆင်ပြေပြေပေါင်းသင်းဆက်ဆံရန် တော်တော်များများ သွန်သင်ထားသည်။ ရှင်ပေါလုက "ထို့ကြောင့်၊ ခရစ်တော်၌သက်သာခြင်း၊ မေတ္တာနှင့်စပ်ဆိုင်သောချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့်မိဿဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသောအရာ တစ်စုံတစ်ခုရှိလျှင် သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိသောအားဖြင့်"(ဖိ ၂း၁–၂) ဟု ဆိုခဲ့တယ်။ ရှင်ပေါလုက သူတစ်ပါးနှင့်အဆင်ပြေအောင်ပေါင်းသင်းနိုင်စွမ်းရှိခြင်းသည် ဝိညာဉ်ရေးရာရင့်ကျက်ခြင်းရဲ့ လက္ခဏာဖြစ်တယ်လို့ သွန်သင်ခဲ့တယ်။ (ရော ၁၅း၅)

ခရစ်တော်က သူ့မိသားစုဝင်များဟာ အချင်းချင်းချစ်ခင်မှုရှိတယ်ဆိုတာကို လူတွေသိစေချင်တဲ့အတွက်ကြောင့်၊ (ယော ၁၃း၃၅) မိဿဟာယပျက်ပြားခြင်းဟာ မယုံကြည်သူတွေရှေ့မှာ ရှက်ဖွယ်ကောင်းတဲ့ပြယုဂ်ဖြစ်နေပါတယ်။ ဒါကြောင့် ကောရိန္တုအသင်းတော်မှာရှိတဲ့ အသင်းသားများဟာ ခိုက်ရန်ဖြစ်ပွားပြီး အုပ်စုကွဲနေတာဟာ၊ အချင်းချင်းတရားရုံးရောက်တဲ့အထိ လုပ်ဆောင်လာတဲ့အခါမှာ ရှင်ပေါလုဟာ အင်မတန် ကသိကအောက်ဖြစ်ခဲ့သည်။ သူက "သင်တို့ရှက်စေခြင်းငှါ ပြောဆို၏။ သင်တို့တွင် ပညာရှိတစ်စုံတစ်ယောက်မျှ မရှိသလော။ ညီအစ်ကိုချင်းတို့၏အမှုကို စီရင်ဆုံးဖြတ်နိုင်သောသူ တစ်စုံတစ်ယောက်မျှမရှိသလော"(၁ကော ၆း၅) လို့ ရေးသားခဲ့တယ်။ ပဋိပက္ခကို သင့်မြတ်စွာဖြေရှင်းပေးနိုင်လောက်အောင် အသင်းတော်အတွင်းမှာ ရင့်ကျက်သူတစ်ယောက်မျှ မရှိလို့ သူအထိတ်တလန့်ဖြစ်ခဲ့တယ်။ အဲဒီ ဩဝါဒစာထဲမှာပဲ သူက "သင်တို့အချင်းချင်းသင့်သင့်မြတ်မြတ်နေကြဖို့ သင်တို့ကို ငါနှိုးဆော်တောင်းပန်တယ်"(၁ကော ၁း၁၀) လို့ ဆိုထားတယ်။

သင့်ရဲ့အသက်တာမှာ ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာကို ခံစားလိုတယ်။ ဘုရားသခင်ရဲ့ သားသမီးဖြစ်တယ်ဆိုတာကို လူတွေသိစေချင်တယ်ဆိုရင် ငြိမ်းချမ်းရေးဆောင်ရွက်သူတစ်ယောက်ဖြစ်ရန် လေ့လာဆည်းပူးရမယ်။ သခင်ယေရှုက "သူတပါးချင်း ခိုက်ရန်ပြုခြင်းကိုငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတ္တံ့(မ ၅း၉) လို့ မိန့်တော်မူတယ်။ သခင်ယေရှုက "ငြိမ်းချမ်းရေးကိုမြတ်နိုးသူတို့သည် မင်္ဂလာရှိကြ၏"လို့ မဆိုထားဘူးဆိုတာကို သတိပြုပါ။ ဘာကြောင့်လဲလူတိုင်းလူတိုင်း ငြိမ်းချမ်းရေးကို မြတ်နိုးကြတယ်။ ကိုယ်တော်က "ဘာအကြောင်းပဲဖြစ်ဖြစ်မှ ဘယ်တော့မှ စိတ်အနှောင့်အယှက်မဖြစ်ကြတဲ့ အေးချမ်းစွာနေလိုသောသူတို့သည် မင်္ဂလာရှိကြ၏။"လို့လည်း မပြောထားဘူး။ သခင်ယေရှုကပဋိပက္ခကို ဖြေရှင်းဖို့တက်တက်ကြွကြွကြိုးပမ်းသောသူတို့ တစ်နည်းအားဖြင့်"ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သောသူတို့သည် မင်္ဂလာရှိကြ၏" လို့ မိန့်တော်မူတယ်။ ငြိမ်းချမ်းရေးဆောင်ရွက်သူတို့ဟာ ရှားပါးကြတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးအတွက်ဆောင်ရွက်ရခြင်းဟာ ခက်ခဲတဲ့အလုပ်ဖြစ်တဲ့အတွက်ကြောင့်ပဲ။

သင့်ကို ဘုရားသခင်ရဲ့ မိသားစုဝင်တစ်ဦးအဖြစ် ဖန်ဆင်းထားတာတစ်ချက်ရယ်၊ ကမ္ဘာမြေပေါ်မှာ သင့်အသက်တာရဲ့ဒုတိယရည်ရွယ်ချက်ဟာ သူတပါးကို ဘယ်လိုချစ်ရမယ်၊ ဆက်ဆံရမယ်ဆိုတာကို လေ့လာဆည်းပူးဖို့ဖြစ်တဲ့အတွက်ကြောင့် ခိုက်ရန်ငြိမ်းစေတဲ့အမှုက သင် ဆောင်ရွက်နိုင်တဲ့အရေးအကြီးဆုံး အတတ်ပညာတစ်ခုဖြစ်တယ်။ အကြောင်းမလှတာကတော့ ကျွန်ုပ်တို့အများစုဟာ ပဋိပက္ခကိုဘယ်လိုဖြေရှင်းရမလဲဆိုတာ မသိကြခြင်းပဲဖြစ်တယ်။

ခိုက်ရန်ငြိမ်းစေခြင်းဆိုတာက ပဋိပက္ခကို ရှောင်တိမ်းနေခြင်းမဟုတ်ဘူး။ ပြဿနာတစ်ခုက ထွက်ပြေးခြင်း၊ ပြဿနာမရှိသလိုဟန်ဆောင်ခြင်း၊ ပြဿနာအကြောင်းပြောရမှာ ကြောက်ရွံ့ဝန်လေးနေခြင်းတို့ဟာ သူရဲဘောနည်းခြင်းဖြစ်တယ်။ ငြိမ်သက်ခြင်းအရှင်ဖြစ်တဲ့ သခင်ယေရှုကတော့ ပဋိပက္ခဖြစ်ခြင်းကို ဘယ်တော့မှ မကြောက်ဘူး။ ရံဖန်ရံခါမှ လူတကာကောင်းကျိုးအတွက် ပဋိပက္ခကိုတောင် စပြီးဖန်တီးခဲ့သေးတယ်။ တခါတရံမှာ ကျွန်ုပ်တို့တတွေ ပဋိပက္ခကို ရှောင်တိမ်းဖို့လိုတယ်။ တခါတရံမှာ ပဋိပက္ခဖြစ်အောင်

ဖန်တီးဖို့လိုတယ်။ တခါတရံမှာတော့ ပဋိပက္ခကို ငြိမ်းသွားအောင်ဖြေရှင်းရမယ်။ ဒါကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏မခြားမလပ်လမ်းပြမှုကို ရရှိဖို့ ဆုတောင်းရမယ်။

ရန်ငြိမ်းစေခြင်းဆိုတာက ချွေးသိပ်ခြင်း မဟုတ်ဘူး။ အမြဲတမ်း အညှံ့ခံအရှုံးပေးခြင်းမဟုတ်ဘူး။ ခြေသုတ်ဖုံလို အနင်းခံဖို့ မဟုတ်သလို၊ အမြဲတမ်း သူများပြုသမျှနုဖို့မဟုတ်ဘူး။ သင် ဒီလို ခေါင်းငုံ့ခံနေရတာမျိုးကို ခရစ်တော်က အလိုမရှိဘူး။ မတရားဆန့်ကျင်မှုတွေ ရင်ဆိုင်ရတဲ့အခါမှာ ကိုယ်တော် ကြံ့ကြံ့ခံရပ်တည်ခဲ့တယ်။ ကိစ္စရပ်များမှာ ကိုယ်တော်ဟာ တပ်ခေါက်နောက်ဆုတ်ဖို့ ငြင်းဆန်ခဲ့တယ်။

## ပေါင်းသင်းဆက်ဆံရေး / မိဿဟာယဖွဲ့ခြင်းကို ပြန်လည်ထိန်းသိမ်းပုံ။

ယုံကြည်သူများအနေနှင့် ကျွန်ုပ်တို့ကို ဘုရားသခင်က ကျွန်ုပ်တို့အချင်းချင်း ပေါင်းသင်းဆက်ဆံရေးမှာ သင့်မြတ်ကျေအေးမှုရှိအောင်ဆောင်ရွက်ဖို့ ခေါ်တော်မူသည်။ (၂ကော ၅း၁၈)။ မိဿဟာယဖွဲ့ခြင်းကို ပြန်လည်ထိန်းသိမ်းဖို့ သမ္မာကျမ်းပါ နည်းလမ်းခုနစ်ဆင့်ကတော့၊

လူတွေကို မပြောမီ ဘုရားသခင်ကို ပြောပါ။ ပြဿနာကို ဘုရားသခင်နဲ့ဆွေးနွေးပါ။ သူငယ်ချင်း မိတ်ဆွေတစ်ယောက်အား ပဋိပက္ခဖြစ်တဲ့အကြောင်း အတင်းအဖျင်းပြောမယ့်အစား ပဋိပက္ခနဲ့ပတ်သက်ပြီး ဘုရားသခင်ထံ ဦးစွာဆုတောင်းမယ်ဆိုရင်၊ ဘုရားသခင်က သင့်စိတ်ကို ပြောင်းလဲစေမယ်။ ဒါမှမဟုတ် သင့်အကူအညီမပါဘဲ တဘက်သားရဲ့စိတ်ကို ပြောင်းလဲစေတယ်ဆိုတယ်ဆိုတာကို သင်တွေ့ရှိလာလိမ့်မယ်။ ပဋိပက္ခတွေဖြစ်လာလို့ သင်က ပိုပြီးဆုတောင်းမယ်ဆိုရင် သင့်ရဲ့ပေါင်းသင်းဆက်ဆံရေးတွေဟာ ပိုပြီး အဆင်ပြေချောမွေ့လာမယ်။

ဒါဝိဒ်မင်းသည် ဆာလံများထဲဖော်ပြသလို အထက်အရပ်ကိုဖွင့်ဟဆွေးနွေးရန်ဆုတောင်းချက်ကို အသုံးပြုပါ။ ဘုရားသခင်ထံသင့်ရဲ့ စိတ်ခံပြင်းမှုတွေ၊ စိတ်အနှောင့်အယှက်ဖြစ်တာတွေကိုပြောပါ။ ကိုယ်တော်ထံအော်ဟစ်ကြွေးကြော်ပါ။ သင့်ရဲ့အမျက်ဒေါသ၊ စိတ်ထိခိုက်ဆင်းရဲခြင်း၊ စိတ်မလုံခြုံမှု ဒါမှမဟုတ် အခြားစိတ်လှုပ်ရှားမှုများအတွက် ကိုယ်တော်ကဘယ်တော့မှ အံ့အားမသင့်ဘူး။ စိတ်မချမ်းမသာလည်းမဖြစ်ဘူး။ ဒါကြောင့် သင် ဘယ်လို ခံစားနေရတယ်ဆိုတာကို ကိုယ်တော်ကိုတိတိကျကျပြောပြပါ။

ပဋိပက္ခအများစုဟာ လိုအပ်ချက်တွေ မပြည့်ဝလို့ဖြစ်လာခဲ့တယ်။ ဒီလိုအပ်ချက်အချို့ကို ဘုရားသခင်ကသာ ဖြည့်ဆည်းပေးနိုင်တယ်။ ဘုရားသခင်တစ်ပါးတည်းသာဖြည့်ဆည်းပေးနိုင်တဲ့လိုအပ်ချက်တစ်ရပ်ကို မိတ်ဆွေတစ်ယောက်၊ အိမ်ထောင်ဘက်၊ အလုပ်ရှင် ဒါမှမဟုတ် မိသားစုဝင်တစ်ဦးစီမှာ သွားမျှော်နေမယ်ဆိုရင် သင်ဟာ ကိုယ့်ကိုကိုယ် စိတ်ပျက်စရာဖြစ်အောင်၊ နာကျည်းခါးသီးမှုဖြစ်အောင်လုပ်လိုက်တာပဲ။ ဘုရားသခင်တစ်ပါးမှလွဲလို့ ဘယ်သူကမှ သင့်ရဲ့လိုအပ်ချက်အားလုံးကို မဖြည့်ဆည်းပေးနိုင်ဘူး။

တမန်တော်ယာကုပ်က ကျွန်ုပ်တို့မှာရှိနေတဲ့ ပဋိပက္ခများစွာဟာ ဆုတောင်းခြင်းမရှိတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ မှတ်ချက်ချခဲ့တယ်။ "သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် ဘယ်အကြောင်းကြောင့် ဖြစ်သနည်း။ ... သင်တို့သည်တပ်မက်၍မရကြ။ ... အလွန်လိုချင်သောစိတ်ရှိ၍ငှင်း၊ အလိုမပြည့်စုံနိုင်ကြ။ ... အကြောင်းမူကားဆုမတောင်းဘဲနေကြ၏။ (ယာ ၄း၁၂)လို့ ဆိုထားတယ်။ ကျွန်ုပ်တို့ဟာ ဘုရားသခင်ကိုမျှော်ကြည့်ကြမယ့်အစား ကျွန်ုပ်တို့ကိုပျော်ရွှင်အောင်လုပ်ပေးမယ့်လူတွေကို မျှော်ကြည့်တတ်ကြတယ်။ လူတွေက ကျွန်ုပ်တို့အပေါ် ပျက်ကွက်တဲ့အခါကျရင် ကျွန်ုပ်တို့စိတ်ဆိုးဒေါသထွက်ကြတယ်။ ဘုရားသခင်က "သင်တို့ငါ့ထံကိုဘာကြောင့် အရင်မလာတာလဲ"လို့ မေးနေတယ်။

**အစဉ်အမြဲလက်ဦးမှုရယူပါ။** သင်ဟာ ပဋိပက္ခစတင်သူလား၊ အပြုခံရသူလားဆိုတာက အရေးမကြီးဘူး။ သင်က အရင်လှုပ်ရှားဖို့ကိုတော့ ဘုရားသခင်က မျှော်လင့်တယ်။ တစ်ဘက်သားက စတင်လာဖို့ကို စောင့်မနေပါနဲ့။ သူတို့ဆီကို အရင်သွားပါ။ ပျက်ပြားနေတဲ့ မိဿဟာယကို ပြန်လည်ထိန်းသိမ်းဖို့ အင်မတန်အရေးကြီးတဲ့အတွက် သခင်ယေရှုက အများနဲ့ဝတ်ပြုကိုးကွယ်ခြင်းမှာတောင်

ဦးစားပေးဖို့ မိန့်တော်မူခဲ့တယ်။ ကိုယ်တော်က "ထို့ကြောင့် သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျက်၊ သင်၏ညီအစ်ကိုသည် သင်၌ အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟုအောက်မေ့သတိရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်စေပြီးမှ ပြန်၍ပူဇော်သက္ကာကို တင်လော့"(မ ၅း၂၃-၂၄)ဟု မိန့်ဆိုတော်မူတယ်။

ဆက်ဆံရေးခပ်တန်းတန်းဖြစ်လာတဲ့အခါ ဒါမှမဟုတ် ပျက်ပြားသွားတဲ့အခါကျရင်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ခုကိုချက်ခြင်းစီစဉ်ပါ။ အချိန်မဆွဲပါနဲ့။ ဆင်ခြေဆင်လက်တွေမပေးပါနဲ့။ ဒါမှမဟုတ် "ကျွန်တော်တနေ့နေ့မှာတော့ ပြေလည်အောင်လုပ်ပါမယ်" လို့လည်း ဂတိမပေးနဲ့။ အမြန်ဆုံး မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးဖို့အချိန်ယူပါ။ နှောင့်နှေးကြန့်ကြာခြင်းက အမျက်ဒေါသကိုပိုမိုနက်ရှိုင်းစေပြီး၊ ပြဿနာကို ပိုဆိုးရွားစေတယ်။ ပဋိပက္ခဖြစ်ခြင်းမှာ အချိန်ကဘာကိုမှ မကုစားဘူး။ အချိန်ဆွဲခြင်းက အခြေအနေကို ပိုမိုဆိုးရွားစေတယ်။ အကျိတ်အခဲကို ပိုမိုကြီးထွားစေတယ်။

အလျှင်အမြန်ဆောင်ရွက်ခြင်းက ဝိညာဉ်ရေးရာပျက်စီးမှုကိုလည်း လျော့ပါးစေပါတယ်။ သမ္မာကျမ်းစာကဖြေရှင်းမှုမပြုတဲ့ ပဋိပက္ခအပါအဝင်အပြစ်ဒုစရိုက်သည် ဘုရားသခင်နဲ့ ကျွန်ုပ်တို့ရဲ့ မိဿဟာယကို ဆီးတားပိတ်ဆို့တယ်။ ဆုတောင်းခြင်းတွေ အဖြေမရဖို့လည်း အတားအဆီးဖြစ်တယ်လို့ မိန့်ဆိုတယ်။ (၁ပေ ၃း၇၊ သု ၂၈း၉) အဲဒါအပြင် ကျွန်ုပ်တို့တတွေကိုလည်း စိတ်မချမ်းမသာဖြစ်စေတယ်။ ယောဘရဲ့ မိတ်ဆွေတွေက ယောဘကို "ဒေါသသည် လူမိုက်ကို ဖျက်ဆီးတတ်၏။ ပညာမရှိသောသူသည်လည်း ငြူစူသောသဘောအားဖြင့် သေခြင်းသို့ရောက်တတ်၏။

ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အောင်မြင်မှုရခြင်းသည် အချိန်မှန်၊ နေရာမှန်မှာတွေ့ဆုံဖို့ဆုံးဖြတ်ခြင်းအပေါ် မူတည်လေ့ရှိတယ်။ သင်တို့ မောပမ်းနွမ်းနယ်နေတဲ့အချိန်၊ အလျင်စလိုဖြစ်နေချိန်၊ ကြားဖောက်ကိစ္စတွေ ဝင်လာနိုင်တဲ့အချိန်မှာ မတွေ့ကြပါနဲ့။ အကောင်းဆုံးအချိန်ကတော့ သင်တို့နှစ်ဦးနှစ်ဖက်စလုံးအတွက် အစစအရာရာအကောင်းဆုံးဖြစ်နေတဲ့အချိန်ပဲဖြစ်တယ်။

**သူတို့၏ခံစားချက်များကို ထောက်ထားပါ။** သင့်ပါးစပ်ထက် သင့်နားကိုပိုပြီးအသုံးပြုပါ။ သဘောထားကွဲလွဲမှုကိုဖြေရှင်းဖို့မကြိုးစားမီ၊ သင်သည် လူတို့၏ခံစားချက်များကို ဦးစွာနားထောင်ရမယ်။ ပေါလုက "ကိုယ်အမှုအရာကိုသာ မရှုမှတ်ဘဲ၊ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့"(ဖိ ၂း၄)လို့ အကြံပြုထားတယ်။ "ရှုမှတ်လော့"ဆိုတဲ့စကားလုံးဟာ ဂရိဘာသာစကားမှာ Skopos ဖြစ်ပြီးတော့၊ အဲဒီစကားလုံးကနေ အဝေးကြည့်မှန်ပြောင်းနဲ့ အဏုကြည့်မှန်ပြောင်းဆိုတဲ့ စကားလုံးတွေကို ဖွဲ့စည်းထားတာဖြစ်တယ်။ အဓိပ္ပါယ်ကတော့ အနီးကပ် အာရုံစူးစိုက်မှုပြုခြင်းဖြစ်တယ်။ အချက်အလက်တွေကို အာရုံမပြုပါနဲ့။ သူတို့ရဲ့ ခံစားချက်တွေကိုအာရုံပြုပါ။ ဖြေရှင်းချက်နဲ့ မစတင်ဘဲ၊ စာနာထောက်ထားတဲ့သဘောနဲ့ စတင်ပါ။

သင် ဘယ်လိုခံစားနေရတယ်ဆိုတာကိုစပြီး လူတွေကိုမပြောပါနဲ့။ နားထောင်ရုံနားထောင်ပြီး သူတို့ရဲ့ စိတ်လှုပ်ရှားခံစားမှုတွေကို ဟန့်တားခြင်းမပြုဘဲ အိတ်သွန်ဖာမှောက်အန်ချဖို့ခွင့်ပြုပါ။ သင်သဘောမတူပေမယ့်၊ သင် သဘောပေါက်နားလည်တယ်ဆိုတာ ခေါင်းညိတ်ပြပါ။ စိတ်ခံစားမှုဆိုတာအမြဲတမ်းမှန်တယ်၊ ယုတ္တိတန်တယ်လို့မရှိဘူး။ အမှန်တကယ်တော့ မကျေမချမ်းဖြစ်ခြင်းက ကျွန်ုပ်တို့ကို မိုက်မိုက်မဲမဲပြုမူစဉ်းစားစေတာဖြစ်တယ်။ ဒါဝိဒ်က "ထိုသို့ အကျွန်ုပ်သည် နလုံးနာလျက် ကျောက်ကပ် မွှေနှောက်လျက်ရှိ၍ မိုက်သောသူ၊ ပညာမဲ့သောသူဖြစ်ပါ၏။ ရှေ့တော်၌ တိရစ္ဆာန်ကဲ့သို့ ဖြစ်ပါ၏။ (ဆာ ၇၃း၂၁-၂၂)လို့ ဝန်ခံခဲ့တယ်။ ကျွန်ုပ်တို့အားလုံးဟာ ထိခိုက်နာကျင်တဲ့အခါကျရင် လူမဆန်စွာပြုမူတတ်ကြတယ်။

ဆန့်ကျင်ဘက်သဘော သမ္မာကျမ်းက "သမ္မာသတိရှိသောသူသည် မိမိအမျက်ဒေါသကို ချုပ်တည်းတတ်၏။ သူတပါး ပြစ်မှားခြင်းကို သည်းခံသောသူသည်လည်း ဘုန်းအသရေရှိ၏။"(သု ၁၉း၁၁) လို့ ဖော်ပြထားတယ်။ စိတ်ရှည်ခြင်းဆိုတာ ဉာဏ်အမြော်အမြင်ရှိခြင်းက လာတယ်။ ဉာဏ်ပညာဆိုတာကလည်း တစ်ဘက်သားရဲ့ရှုထောင့်အမြင်ကို နား

ထောင်ခြင်းကဖြစ်လာတယ်။ နားထောင်ပေးခြင်းဆိုတာက "ခင်ဗျားရဲ့ခံယူထင်မြင်ချက်ကို ကျွန်တော်တန်ဖိုးထားတယ်။ ကျွန်တော်တို့ရဲ့ ပေါင်းသင်းဆက်ဆံရေးကို ကျွန်တော်အလေးထားတယ်။ ခင်ဗျားဟာ ကျွန်တော့်အတွက်အရေးပါတဲ့သူဖြစ်တယ်"ဆိုတာကို ပြောနေတယ်။ လူတွေဟာ၊ ကျွန်တော်တို့က သူတို့ကို အလေးထားတယ်။ ဂရုစိုက်တယ်ဆိုတာကို မသိမချင်း၊ ကျွန်ုပ်တို့ ဘာတွေသိတယ်ဆိုတာကို သူတို့ အလေးမထား၊ အရေးမစိုက်ဘူးဆိုတဲ့ လက်သုံးစကားဟာ မှန်ကန်တယ်။

မိဿဟာယဖွဲ့ခြင်းကို ပြန်လည်ထိန်းသိမ်းဖို့က တစ်ဘက်သားရဲ့ သံသယနဲ့ကြောက်ရွံ့စိုးရိမ်မှုကို ထောက်ထားညှာတာခြင်းဆိုတဲ့ဝန်ကို ကျွန်ုပ်တို့ ထမ်းရမယ်။ "ငါတို့ရှိသမျှသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကိုထောက်၍ သူ့ကို တည်ဆောက်စေခြင်းငှါ သူ၏အလိုသို့လိုက်ကြကုန်အံ့။"(ရော ၁၅း၂) တစ်ဖက်သားရဲ့အမျက်ဒေါသကို အထူးသဖြင့် အကြောင်းမဲ့ ဒေါသထွက်ခြင်းကိုပင် စိတ်ရှည်စွာခံယူခြင်းသည် အနစ်နာခံခြင်းပင်ဖြစ်သည်။ သို့ရာတွင် သခင်ယေရှုသည် သင့်အတွက် ဤကဲ့သို့ ခံခဲ့တာကို သတိရပါ။ သင့်ကိုကယ်တင်ရန်အလို့ငှါ ကိုယ်တော်သည် အခြေအမြစ်မရှိသော၊ အငြိုးထားသောအမျက်ဒေါသကို သည်းခံခဲ့တယ်။ "ခရစ်တော်သည် ကိုယ်အလိုသို့ မလိုက်။ ကျမ်းစာလာသည့်အတိုင်း ကဲ့ရဲ့ခြင်းကို ခံတော်မူ၏။ ကိုယ်တော်ကို ကဲ့ရဲ့သောသူတို့၏စကားသည် ကျွန်ုပ်အပေါ်သို့ရောက်ပါ၏ဟု ကျမ်းစာလာသတည်း။"(ရော ၁၅း၃)

**ပဋိပက္ခဖြစ်ခြင်းတွင် သင်၏အပိုင်းကဏ္ဍကို ဝန်ချတောင်းပန်ပါ။** ပေါင်းသင်းဆက်ဆံရေးကို ပြန်လည်ထိန်းသိမ်းဖို့ သင် အမှန်တကယ် အလေးထားပါက သင်သည် မိမိပြုခဲ့သောအမှား သို့မဟုတ် အပြစ်ကိုဝန်ခံခြင်းဖြင့် စတင်သင့်တယ်။

သခင်ယေရှုက ဒီလိုဝန်ခံခြင်းဟာ ကိစ္စရပ်တွေကို ပို၍အမြင်ကြည်စေတယ်လို့ မိန့်တော်မူတယ်။ ကိုယ်တော်က "လျှို့ဝှက်သောသူ ကိုယ်မျက်စိ၌ ရှိသောတံကျင်ကို ရှေးဦးစွာထုတ်ပစ်လော့။ နောက်မှ ညီအစ်ကိုမျက်စိ၌ရှိသောငြောင့်ငယ်ကိုထုတ်ပစ်ခြင်းငှါ ရှင်းလင်းစွာမြင်လိမ့်မည်"(မ ၇း၅)လို့မိန့်တော်မူတယ်။ ကျွန်ုပ်တို့အားလုံးမှာ သဘောမပေါက်တဲ့အကြောင်းအရာတွေရှိတတ်ကြတဲ့အတွက်၊ သင်နဲ့ပဋိပက္ခဖြစ်တဲ့ပုဂ္ဂိုလ်နဲ့ မတွေ့ဆုံမီမှာ သင့်ရဲ့ပြုမူဆောင်ရွက်ပုံတွေကို သုံးသပ်ပေးဖို့ကြားလူတစ်ယောက်ယောက်ကို အကူအညီတောင်းဖို့လိုလိမ့်မယ်။ ပြဿနာကောင်ဖြစ်နေသလား။ ကျွန်တော်လက်တွေ့မကျဘူးလား။ မဆိုင်သလိုဖာသိဖာသာပဲနေနေသလား။ ဒါမှမဟုတ် ကိုယ်ကပဲ ဆတ်ဆတ်ခါနာပြီး၊ အထိမခံဖြစ်လွန်းနေသလား။ သမ္မာကျမ်းက "ကိုယ် အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ် လှည့်ဖျားကြ၏။ ငါတို့၌ သစ္စာတရားမရှိ"လို့ မိန့်ဆိုတော်မူတယ်။

ဝန်ချတောင်းပန်ခြင်းဆိုတာက ရင်ကြားစေ့ရေးမှာ အလွန်တရာအစွမ်းထက်တဲ့ ကိရိယာတစ်ခုဖြစ်တယ်။ မကြာခဏဆိုသလိုကျွန်ုပ်တို့သည် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် မူလနဂိုပြဿနာထက် သာ၍ ကြီးမားသော ထိခိုက်နစ်နာမှုကို ကျွန်ုပ်တို့ ဖန်တီးမိတတ်ကြတယ်။ သင့်ရဲ့အမှားကို နှိမ့်ချစွာစတင်ဝန်ခံလိုက်တဲ့အခါမှာ၊ တဖက်သားရဲ့အမျက်ဒေါသကို ငြိမ်းသတ်လိုက်သလို ဖြစ်ပြီး၊ သူတို့ရဲ့ တိုက်ခိုက်မှုကိုလည်း ပပျောက်သွားစေတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က သင့်အနေနဲ့ခုခံကာကွယ်မှုတွေပြုမယ်လို့ မျှော်မှန်းထားကြတဲ့အတွက်ဖြစ်တယ်။ ဆင်ခြေဆင်လက်လည်းမပေးပါနဲ့။ တဘက်သားပေါ်လည်း အပြစ်ပုံချတာမျိုး မလုပ်ပါနဲ့။ ပဋိပက္ခဖြစ်ခြင်းမှာ သင်လုပ်ဆောင်ခဲ့တဲ့အပိုင်းကို ရိုးသားစွာ တိတိလင်းလင်း ဝန်ခံလိုက်ပါ။ သင်ပြုခဲ့တဲ့အမှားများအတွက် တာဝန်ယူပါ။ ဖြေရှင်းပါ။ ခွင့်လွှတ်ဖို့ရန် တောင်းခံပါ။

**လူကိုမတိုက်ခိုက်ပါနဲ့။ ပြဿနာကိုပဲ တိုက်ခိုက်ပါ။** အပြစ်ဖို့ဘို့အရေးကိုပဲ ဦးစိုက်နေမယ်ဆိုရင် သင်သည်ပြဿနာကိုဖြေရှင်းနိုင်မှာမဟုတ်ဘူး။ ဒီနှစ်ခုမှာ သင် ဘာကိုလုပ်မလဲဆိုတာ ရွေးချယ်ပါ။ သမ္မာကျမ်းစာက "ဖြေးညှင်းသောစကားသည် စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား အမျက်ကိုနှိုးဆော်တတ်၏။"(သုတ္တံ ၁၅း၁) လို့ မိန့်ဆိုတော်မူတယ်။ ဒါကြောင့် သင်ပြောမယ့်စကားတွေကို ပညာရှိရှိရွေးချယ်ပါ။ နူးညံ့သိမ်မွေ့စွာ ဖြေကြားခြင်းဟာ

ငေါ်တော့တော့ပြောတဲ့စကားထက် အစဉ်အမြဲ ပိုမို ကောင်းမြတ်ချိုသာပါတယ်။ ပဋိပက္ခဖြေရှင်းရာမှာ သင့်ရဲ့ပြောပုံဆိုပုံဟာ သင်ပြောတဲ့အကြောင်းအရာတွေလိုပဲ အရေးပါတယ်။ သင်ကကြမ်းကြမ်းတမ်းတမ်း ထိုးနှက်ပြောရင် တဘက်သားကလည်း အသင့်ခုခံကာကွယ်တော့မှာပဲ။ ဘုရားသခင်က "လိမ္မာသောစိတ်သဘောရှိသောသူသည် ပညာသတိရှိသည်ဟု ကျော်စောရာသို့ ရောက်တတ်၏။ ချိုသောစကားကို ပြောတတ်သောနှုတ်သတ္တိသည်လည်း ပညာအတတ်ကို တိုးပွားစေတတ်၏။"(သု ၁၆း၂၁)။ လို့ မိန့်တော်မူတယ်။ နားပူနားဆာတကျည်ကျည်ပြောဆိုခြင်းဟာ ဘယ်တော့မှ မအောင်မြင်ဘူး။ သင်က ခက်ထန်ကြမ်းတမ်းနေမယ်ဆိုရင် ဆွဲဆောင်နိုင်မှာမဟုတ်ဘူး။

စစ်အေးခေတ်ကာလတွင် နှစ်ဘက်စလုံးက အချို့သောလက်နက်တို့သည် လွန်စွာမှသေကြေပျက်စီးသောကြောင့် ဘယ်တော့မှ အသုံးမပြုသင့်ဘူးဆိုပြီး သဘောတူညီခဲ့ကြသည်။ ယခုခေတ်မှာ ဓါတုလက်နက်တွေ၊ ဇီဝလက်နက်တွေကို တားမြစ်ပိတ်ပင်ထားတယ်။ နူကလီးယားလက်နက်ပုံကြီးကိုလည်း လျှော့ချဖျက်ဆီးပစ်နေပြီဖြစ်သည်။ မိသဟာယအတွက် သင့်ရဲ့ဆက်ဆံရေးနဲ့ဆိုင်တဲ့ လက်နက်တွေဖြစ်တဲ့အပြစ်ရှုတ်ချခြင်း၊ သိမ်ငယ်စေခြင်း၊ နှိုင်းယှဉ်ခြင်း၊ သမုတ်ခြင်း၊ စော်ကားမော်ကားပြုခြင်း၊ မတူမတန်သလို အထက်စီးနေခြင်း၊ ထေ့ငေါ့ခြင်းအစရှိတဲ့ နျူကလီးယားလက်နက်တိုက်ကို ဖျက်ဆီးပစ်ရမယ်။ ရှင်ပေါလုက "ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲက မထွက်စေနှင့်။ ကြားနာသောသူတို့၏အကျိုးကို ပြုစုစေခြင်းငှါ၊ တည်ဆောက်စရာဘို့ကောင်းသောစကားကိုသာသုံးဆောင်ကြလော့"(ဧ ၄း၂၉)လို့ အတိုချုံးပြောဆိုခဲ့တယ်။

တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ပါ။ ရှင်ပေါလုက "သင်တို့သည် တတ်နိုင်သမျှအတိုင်း၊ လူအပေါင်းတို့နှင့်အသင့်အတင့် နေကြလော့။" (ရော ၁၂း၁၈) လို့ ဆိုတယ်။ ငြိမ်းချမ်းရေးရဖို့ဆိုတာ အစဉ်သဖြင့် အဖိုးအခပေးရစမြဲပဲ။ တခါတရံမှာ ကျွန်ုပ်တို့ရဲ့ မာန်မာနကို အဖိုးအခအဖြစ်ပေးရတယ်။ မကြာခဏဆိုသလို တကိုယ်ကောင်းဆန်တဲ့စိတ်ကိုလည်း အဖိုးအခအဖြစ်ပေးချေရတယ်။ မိသဟာယဖွဲ့နိုင်ရေးအတွက် သင့်အပိုင်းက အကောင်းဆုံးဆောင်ရွက်နိုင်တာကို ဆောင်ရွက်ပါ။ အပေးအယူလုပ်ပါ။ တဘက်သားနဲ့လိုက်လျောညီထွေဖြစ်အောင် ညှိပါ။ သူတို့လိုအပ်တဲ့တဲ့အရာကိုဦးစားပေးပါ။ (ရော ၁၂း၁၀၊ ဖိ ၂း၃) သခင်ယေရှုရဲ့ သတ္တမမြောက်မင်္ဂလာတရားတော်ကို စကားပြေရေးသားဖော်ပြမယ်ဆိုရင် "သင်သည် လူတို့အား၊ အပြိုင်အဆိုင်ပြု၊ တိုက်ခိုက်မယ့်အစား၊ ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာကို ပြသနိုင်သောအခါ သင်သည်မင်္ဂလာရှိ၏။ သင်သည် အဘယ်ကဲ့သို့သောလူစားမျိုး အမှတ်တကယ်ဖြစ်သည်ကို၎င်း၊ ဘုရားသခင်၏မိသားစုမှာ သင့်အခန်းကဏ္ဍကို ရှာဖွေတွေ့ရှိသောအချိန်၌ ထိုသို့ဖြစ်သည်။"(မ ၅း၉)ဟူ၍ ဖြစ်သည်။

**ဖြေရှင်းချက်ထက် ရင်ကြားစေ့ရေးကို အလေးပေးဆောင်ရွက်ပါ။** လူတိုင်းကအရာခပ်သိမ်းကို သဘောတူရမယ်ဆိုတဲ့ မျှော်လင့်ချက်ဟာ လက်တွေ့မဆန်ဘူး။ ရင်ကြားစေ့ရေးက ပေါင်းသင့်ဆက်ဆံရေးကိုအဓိကအာရုံပြုနေတဲ့အခါမှာ ဖြေရှင်းချက်က ပြဿနာကိုအဓိကထားတယ်။ ကျွန်ုပ်တို့က ရင်ကြားစေ့ရေးကို အာရုံစိုက်ဆောင်ရွက်သောအခါ၊ ပြဿနာသည်ပင် အရေးမပါတော့ဘဲ၊ တခါတရံတွင် မဆီမဆိုင်သလို၊ မပတ်သက်သလိုပင် ဖြစ်လာတော့တယ်။

ကျွန်ုပ်တို့၏ကွဲပြားခြားနားမှုများကို မဖြေရှင်းနိုင်သော အချိန်အခါမှာပင် ကျွန်ုပ်တို့သည် ဆက်ဆံရေးကိုပြန်လည်တည်ဆောက်နိုင်ကြတယ်။ ခရစ်ယာန်များတွင် မကြာခဏဆိုသလို ကျိုးကြောင်းဆီလျော်သော၊ ပွင့်လင်းရိုးသားသောသဘောထားမတိုက်ဆိုင်မှုများနှင့် မတူညီသောထင်မြင်ယူဆချက်တွေ ရှိတတ်ပါသည်။ ဒါပေမယ့် ကျွန်ုပ်တို့က ကြည်ကြည်ဖြူဖြူနဲ့ သဘောမတူလို့ ရကြပါတယ်။ တစ်ခုတည်းသော စိန်တုံးတစ်တုံးကပင် မတူညီသော ရှုထောင့်ကကြည့်လျှင် မတူညီသောပုံစံကို တွေ့ရတတ်ပါတယ်။ ဘုရားသခင်က ကျွန်ုပ်တို့ကို တစ်ပုံစံထဲဖြစ်ဖို့ မမျှော်မှန်းဘဲ၊ စည်းလုံးညီညွတ်မှုရှိဖို့သာ မျှော်လင့်တော်မူတယ်။ ကျွန်ုပ်တို့ဟာ ကိစ္စရပ်တိုင်းကို အမြင်မတူကြသော်လည်း လက်ချင်းချိတ်ပြီး လျှောက်နိုင်ကြပါတယ်။

ဒီလို ပြောလို့ အဖြေမရှာနဲ့တော့။ လက်

လျှော့လိုက်ပါလို့ ဆိုလိုတာမဟုတ်ဘူး။ သင်က ဆက်လက်ဆွေးနွေးနိုင်တယ်။ သဟဇာတဖြစ်တဲ့စိတ်ဓါတ်နဲ့ အခြေအတင်တောင် ပြောနိုင်ကြပါသေးတယ်။ ရင်ကြားစေ့ခြင်းဆိုတာက ရဲဒင်းကို မြေမြှုပ်လိုက်တာ၊ ပြဿနာကိုမြှုပ်ပစ်ရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။

ဒီသင်ခန်းစာရဲ့ ရလဒ်အနေနဲ့ သင် ဘယ်သူ့ကို ဆက်သွယ်ဖို့ လိုအပ်သလဲ။ ဘယ်သူနဲ့ဆက်ဆံရေး ပြေလည်အောင် ပြန်ထိန်းသိမ်းဖို့ လိုသလဲ။ နောက်ထပ်တစ်စက္ကန့်မှာမနှောင့်နှေးနဲ့တော့။ အခုချက်ချင်းပဲ ရပ်ပြီး၊ အဲဒီပုဂ္ဂိုလ်နဲ့ပတ်သက်ပြီး ဘုရားသခင်ကို စကားပြောပါ။ တယ်လီဖုန်းကောက်ကိုင်လိုက်ပြီး၊ လုပ်စရာရှိတာစတင်လုပ်ပါ။ ဒီခုနှစ်ဆင့်က ရိုးရိုးလေးပါပဲ။ ဒါပေမယ့် မလွယ်ပါဘူး။ နဂိုမူလပေါင်းသင်းဆက်ဆံရေးမျိုးရရှိအောင် လုပ်ဆောင်ရတာ ကြိုးပမ်းအားထုတ်မှု အများကြီးလိုအပ်တယ်။ ဒါကြောင့် ပေတရုက "သူတစ်ပါးနှင့် အသင့်အတင့်နေခြင်းကို ရှာ၍ မှီအောင်လိုက်လော့"(၁ပေ ၃း၁၁)လို့ အမိန့်ပေးထားတယ်။ ဒါပေမယ့် သင်သည် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်တဲ့အခါ၊ ဘုရားသခင်လုပ်မယ့်အရာကို သင်လုပ်ဆောင်ခြင်းဖြစ်တယ်။ ဒါကြောင့် ဘုရားသခင်က ငြိမ်းချမ်းရေးအကျိုးဆောင်(ခိုက်ရန်ပြုခြင်းကို ငြိမ်းစေသောသူ)တို့ကို မိမိရဲ့သားသမီးများလို့ ခေါ်တာဖြစ်တယ်။(မ ၅း၉)

## မိမိရည်ရွယ်ချက်ကို သုံးသပ်ဆင်ခြင်ခြင်း

**တွေးဆရမည့်အချက်** – ပေါင်းသင်းဆက်ဆံရေးဟူသည် နဂိုမူလအတိုင်း ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာ အစဉ်အမြဲပြုထိုက်သောအမှုဖြစ်သည်။

**ဆင်ခြင်ရမည့် ကျမ်းပိုဒ်** – *"သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့် အသင့်အတင့် နေကြလော့။"* (ရောမ ၁၂း၁၈)။

**စဉ်းစားဆင်ခြင်ရမည့်မေးခွန်း၊** – ကျွန်ုပ်နှင့်ဆက်ဆံရေးပျက်သွားသော မည်သူနှင့်ပြန်လည်ကောင်းမွန်သော ဆက်ဆံရေးဖြစ်ရန် ယနေ့ကျွန်ုပ် ဘာလုပ်ဖို့လိုသနည်း။

ဆက်လက်ဖော်ပြပါမည်။

---

## သတင်းတိုထွာ

၁။ ယမန်နှစ် နိုဝင်ဘာလ(၂၈)ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းနယ် ဘာဒါဘန်မြို့အနီး ရူမနားကျေးရွာ၌အဖမ်းခံရသော မြန်မာနိုင်ငံသား၊ ချင်းလူမျိုးခရစ်ယာန်သာသနာပြု(၁၄)ပါး၏ အမှုကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၆)ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်သည်ဟု သတင်းရရှိပါသည်။ အမှုမှာ မြန်မာနိုင်ငံမှ ချင်းလူမျိုး ခရစ်ယာန်သာသနာပြု(၁၄)ပါးသည် ဘာဒါဘန်မြို့အနီး ရူမနားကျေးရွာ သို့ သမ္မာကျမ်းစာအုပ်နှင့် ဖဝံဂေလိ ဝေစာများဝေငှသည်ဟု ဒေသခံရွာသားများမှ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ ထံသို့တိုင်တန်းခြင်းဖြစ်သည်ဟု ဆိုပါသည်။ ရူမနားကျေးရွာမှ အဖမ်းခံရပြီး၊ ဘာဒါဘန်မြို့ရှိအချုပ်ထောင်သို့ပြောင်းရွှေ့ကာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ဘာဒါဘန်မြို့၌ အမှုကြားနာရန် ချိန်းဆိုထားခဲ့ခြင်းဖြစ်သည်။

ထိုသာသနာပြုဆရာများသည် အိန္ဒိယနိုင်ငံ အရှေ့မြောက် မီဇိုရမ်ပြည်နယ်၊ အိုက်ဇော်လ်မြို့၊ ကာဆန်နှစ်ခြင်းအသင်းတော်လူငယ်သာသနာပြုအဖွဲ့ (**Carson Baptist Church Youth Ministry**)မှ စေလွှတ်ထားသော စေတမန်များဖြစ်ကာ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ(၁၉)ရက်နေ့တွင် စစ်တကောင်းနယ် ဘာဒါဘန်မြို့အနီး၊ ရူးမနားကျေးရွာသို့ရောက်ရှိလာကြခြင်းဖြစ်သည်ဟုဆိုပါသည်။

သာသနာပြုအဖွဲ့၏အဓိကရည်ရွယ်ချက်မှာ ဘာဒါဘန်ဒေသ၌ရှိသော ဘောင်အဖွဲ့အစည်း (**Bawn**

**Community**)အတွက် သမ္မာကျမ်းစာများဝေငှရန်ဖြစ်သည်။ ထိုဒေသရှိ ဘောင်မျိုးနွယ်စုတို့သည် ချင်းလူမျိုး **Lai** မျိုးနွယ်စုနှင့် စာပေ၊ ဘာသာစကားတူညီသောကြောင့်၊ **Lai** ဘာသာစကားဖြင့်ရေးသားထားသော သမ္မာကျမ်းစာများကို ဝေငှရန်ရောက်ရှိလာကြခြင်းဖြစ်သည်ဟု သိရပါသည်။

၂။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး ပူတရာဂျာရာရှိ၊ မြန်မာနိုင်ငံသားချင်းလူမျိုးများ၏ ဒုက္ခသည်စခန်းကို မလေးရှားနိုင်ငံရှိ အာဏာပိုင်မဟုတ်သော **volunteer** အဖွဲ့အစည်းမှ ၂၀၀၈ ခုနှစ် ဇန္နဝါရီလ(၂၃)ရက်နေ့က အတင်းအဓမ္မဖျက်ဆီးမီးရှို့ပစ်ကြောင်း၊ သိရပါသည်။ ထိုနေ့ကကြိုတင်သတင်းကြားသိချက်အရ ဒုက္ခသည်များ ထွက်ပြေးတိမ်းရှောင်နိုင်သော်လည်း၊ တဲအိမ်၊ ရိက္ခာဆန်၊ အဝတ်အစားများနှင့် သမ္မာကျမ်းစာအုပ်များပါအားလုံး မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်းသိရသည်။ အလားတူပင် ၂၀၀၈ ခုနှစ် ဇန္နဝါရီလ(၂၅)ရက်နေ့တွင်လည်း တမန်ဆရန်ဒုက္ခသည်စခန်းကိုသွားရောက်ဖမ်းဆီးရာ၊ အမျိုးသမီး(၆)ဦးနှင့် ခလေး(၂)ဦးအပါအဝင် လူ(၄၆)ဦး ဖမ်းဆီးခံရကြောင်းသိရပါသည်။

ဒုက္ခအပေါင်းမှကင်းလွတ်ရန် ဘုရားရှင်ကွယ်ကာစောင်မပါမည့်အကြောင်း၊ သတိရဆုတောင်းပေးကြပါရန်၊ **MC** စာစောင် မှ မေတ္တာရပ်ခံ အကူအညီတောင်းအပ်ပါသည်။

---

# ထာဝရဘုရား၏မေတ္တာတရားတော်

# ဂျပန်နိုင်ငံသို့ရောက်ရှိပြန့်ပွားပုံ၊

**Pastor Kam Do Thang**
**Th.M(PCTS, Seoul, Korea)**

ဘုရားသခင်သည် လူသားအပေါင်းတို့အား ချစ်တော်မူသည်ဖြစ်၍ လူသားအားလုံးသည် သမ္မာတရားကိုသိ၍ ကယ်တင်ခြင်းသို့ရောက်ရန် အလိုတော်ရှိ၏။ (၁တိ ၂း၄)။ မြေကြီးစွန်းတိုင်အောင် ထာဝရဘုရား၏ကယ်တင်ခြင်းအလင်းကိုသက်သေခံဝေငှရန် မိမိဘဝကို ဆက်ကပ်အပ်နှံသော ရိုမန်ကက်သလစ်အသင်းတော်မှ Francisco Xavier သည် ၁၅၄၉ ခုနှစ်တွင် ပထမဦးဆုံးဂျပန်နိုင်ငံသို့ရောက်ရှိလာသော သာသနာပြုဘုန်းတော်ကြီးဖြစ်သည်။ သူ၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် ထာဝရဘုရားကိုသိရှိ၍။ ကယ်တင်ခြင်းသို့ရောက်ရှိသောသူ၊ ယုံကြည်သူများပေါ်ထွက်လာသည်။

သို့သော် ၁၅၈၇ ခုနှစ်တွင် ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံခြားသားများအပေါ်တွင် မယုံသင်္ကာစိတ်များဝင်လာပြီး၊ ၁၆၁၄ ခုနှစ်တွင် နိုင်ငံခြားသားများကို နှင်ထုတ်သည်။ သာသနာပြုတရားဟောဆရာများကိုပါနှင်ထုတ်ခဲ့သည်။ ခရစ်ယာန်ဘာသာဝင်ခြင်းကို ကြီးလေးသောရာဇဝတ်ပြစ်မှုအဖြစ်သတ်မှတ်ကာ သေဒဏ်အထိပေးနိုင်သည်ဟု ဥပဒေပြဋ္ဌာန်းခဲ့သည်။

၁၈၅၃ ခုနှစ်တွင် အမေရိကန်ရေတပ်ဗိုလ် Matthew C. Perry သည် စစ်တပ်အင်အားအလုံးအရင်းနှင့်ရောက်ရှိ၍ ညှိနှိုင်းတိုင်ပင်သောအခါ နိုင်ငံခြားသားများကို ပြန်လည်ဝင်ထွက် သွားလာခွင့်ပြုခဲ့သည်။ သာသနာပြုအဖွဲ့အစည်းများလည်း ပြန်လည်ဝင်ရောက်လာခဲ့သည်။ ၁၈၇၉ ခုနှစ်တွင် ခရစ်ယာန်ဘာသာဝင်ခြင်းကို ရာဇဝတ်ပြစ်မှုအဖြစ် ပြဋ္ဌာန်းခြင်းကို ပြင်ဆင်ဖျက်သိမ်း၍၊ လွတ်လပ်စွာတရားဝင်ယုံကြည်ကိုးကွယ်ခွင့်ပြုခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း၌လည်း ခရစ်ယာန်ဘာသာဝင်များအပေါ်တွင် ဖိနှိပ်ညှင်းဆဲမှု၊ ကန့်သတ်ချုပ်ချယ်မှုများဖြစ်ပေါ်ခဲ့သည်။ သို့သော် စစ်ပြီးခေတ်တွင် လွတ်လပ်ခွင့်ပြန်လည်ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ယုံကြည်သူ ခရစ်ယာန်ဘာသာဝင်ဦးရေမှာ တစ်နိုင်ငံလုံးလူဦးရေ၏ ၂% ရှိပြီး၊ ၂၀၀၀ပြည့်နှစ်တွင် လျော့နည်းသွားသည်။

ဂျပန်ပြည်သူတို့၏ ဉာဏ်မျက်စိအလင်းကို ဖုံးကွယ်နေသောမာရ်နတ်၏တန်ခိုးကို ဖယ်ရှားနိုင်ရန်၊ ဆုတောင်းပေးခြင်းသည် အရေးကြီးဆုံးသောလက်နက်ဖြစ်သည်။ (၂ကော ၁၀း၄-၅၊ ဧဖက် ၆း၁၀-၁၇)။

• • • • • • • • • • • • • • • • •

# ဘုရားသခင်၏လူ နှင့် ဘုရားအသုံးပြုသူ

**Rev. Ling Mana**

ယနေ့ ယုံကြည်သူများစွာတို့သည် ဘုရားသခင်၏လူနှင့် ဘုရားအသုံးပြုသောသူကို မခွဲခြားတတ်ကြပေ။ ထို့ကြောင့် ဘုရားသခင်အသုံးပြုသောသူများကိုသာ ဘုရားတစ်ဆူကို အထင်ကြီးကိုးကွယ်တတ်ကြသည်။ တနေ့နေ့၌ ထိုသူကို ဘုရားအသုံးမပြုတော့သောအခါ (သို့မဟုတ်) လဲမိ၍ အပြစ်တစ်ခုခုကျူးလွန်သောအခါ သူ့ကိုအားကိုး အထင်ကြီးသူများသည် စိတ်ဓါတ်ကျပြီး၊ မိမိကိုယ်တိုင်ပဲ လဲချင်ချင်ဖြစ်လာတတ်ကြသည်။ ထို့ကြောင့် ဘုရားသခင်၏လူနှင့် ဘုရားအသုံးပြုသောသူ ကွာခြားပုံ၊ မည်သူပို၍ အရေးကြီးကြောင်း၊ ရှင်းလင်းစွာသိရှိနိုင်ရန် ဤစာစောင်လေးအားဖြင့် ဝေငှတိုက်တွန်းလိုပါသည်။

**၁။ ဘုရားအသုံးပြုသောသူ**

ဘုရားသခင်သည် မိမိအမှုကို ဆောင်ရွက်ရာ၌ လိုအပ်သောအချိန်အတွင်း၌သာ အသုံးပြုလိုသောသူကို ရွေးချယ်အသုံးပြုကြောင်း သိရှိနားလည်နိုင်ပါသည်။ ဣသရေလအမျိုး၌ ယဇ်ပုရောဟိတ်အဖြစ် ရွေးချယ်ခံရသော အာရုန်သည် မိမိလုံ့တံ၌ အပွင့်၊ အဖူး၊ အငုံများ ဖြစ်စေ၍ ထူးခြားစွာရွေးချယ်ခံရသည်။ (တော ၁၇း၁–၉) သို့သော်လည်း အာရုန်သည် ဣသရေလလူများကို အဆုံးတိုင်အောင် မဦးဆောင်ဘဲ၊ သိနာတောင်ခြေရင်း၌ ရုပ်တုလုပ်ပြီး၊ ကိုးကွယ်စေသည်အထိ ဖေါက်ပြန်ခဲ့ပြီး၊ လူပေါင်းများစွာ လမ်းလွဲအသက်ဆုံးရှုံးခဲ့ကြရသည်။ (ထွ၊ ၃၂း၂–၉၊ ၂၅–၂၉) တပါးသူများကို လမ်းမှန်သို့ မပို့နိုင်သည် သာမက မိမိ၏သားရင်းနှစ်ယောက် နာဒပ်နှင့် အဘိဟုတို့သည် လွဲမှားစွာ ဘုရားပူဇော်၍ ဘုရားရှေ့မှောက်၌ မီးလောင်သေခဲ့ကြရကြောင်းတွေ့ရပါသည်။ (ဝတ်၊ ၁၀း၁–၂)။ ထို့ကြောင့် ဘုရားက ရွေးချယ်အသုံးပြုသော်လည်း မိမိဘက်၌ ဘုရားစကားကိုနာခံလိုက်လျှောက်အသက်ရှင်သောသူမဖြစ်ပါက၊ ရှုံးဆုံးခြင်းနှင့် သာရင်ဆိုင်ရကြောင်း တွေ့ရသည်။

ပထမဦးဆုံး ဣသရေလရှင်ဘုရင်အဖြစ် ရွေးချယ်ခံရသောရှောလုသည် သူများထက်အရပ်မြင့်သော်လည်း ဣသရေလလူများကို ဘုရားအလိုတော်အတိုင်း မဦးဆောင်ခဲ့ကြောင်း တွေ့ရသည်။ ဣသရေလလူမျိုးများ၏ တောင်းဆိုမှုကြောင့် အခွင့်တော်အားဖြင့် ရှင်ဘုရင်ဖြစ်လာပြီး၊ သူအုပ်ချုပ်သော နှစ် (၄၀) လုံးလုံး စစ်တိုက်ခြင်းနှင့်သာ တိုင်းပြည် မငြိမ်မဝပ်ဘဲ ရှိခဲ့သည်။ သူကိုယ်တိုင်လည်း ဘုရားစကား နားမထောင်၊ နတ်ဝင်သည်များ မေးမြန်းပြီး၊ သားများနှင့် အတူ ရန်သူလက်ထဲ၌ မရှုမလှသေဆုံးခဲ့ကြောင်း တွေ့ရသည်။ (၁ရာ၊ ၃၁း၁–၆၊ ၁ရာ၊ ၉း၁၇–၁၈၊ ၁၅း၂၂–၂၄၊ ၃၁း၁–၆)။

တရားသူကြီးများလက်ထက်၌လည်း ဣသရေလလူမျိုးများသည် ဒုစရိုက်အကြိမ်ကြိမ်ပြုကြသောကြောင့်၊ တရားသူကြီးများ တစ်ယောက်တစ်လှည့်အသုံးပြုပြီး၊ ရန်သူလက်ထဲသို့ ရောင်းလိုက်၊ ကယ်လိုက်နှင့်ဆုံးမသွန်သင်နေကြောင်းတွေ့ရပါသည်။ သို့သော်လည်း အမိဝမ်းတွင်မှစ၍ ဘုရားသခင် ရွေးချယ်ပြီး၊ သူ့လူများကို ကယ်တင်ရန် အားကိုးမျှော်လင့်ရသောရှံရှုန်၏အဖြစ်ဆိုးကို ဖော်ပြထားပါသည်။ (တရားသူကြီး ၁၃–၁၆)

တရားသူကြီးအခန်းကြီး ၁၃မှ၁၆အထိ ဖတ်ရှုသောအခါ ရှံရှုန်၏ဘဝဖြစ်စဉ်အားလုံးကို တွေ့ရပါသည်။ သူသည် မိဘများကပင် စပျစ်သီးကအစ မစားဘဲ သန့်ရှင်းသော နာဇရိလူအဖြစ် ဆက်ကပ်ထားသောပုဂ္ဂိုလ်ဖြစ်သည်။ ဘုရားပေးထားသော ခွန်အားကို ဘုရားအတွက် မသုံးဘဲ လောကအရာအတွက်သာ အသုံးပြုခဲ့သည်။ မိမိဇာတိအတွက် အသုံးပြုခဲ့သည်။ ဘုရားပေးထားသောခွန်အားကို အလွဲသုံးစားပြုခဲ့သည်။ သူတပါး၏ မြို့တံခါးများနှင့် လယ်များ အသီးအနှံများကို မီးလောင်စေရန်၊ မြေခွေး ၃၀၀ ဖမ်း၍ အမြီးဆက်ပြီး၊ မီးရှူးနှင့်တကွ ပြန်လွှတ်ခဲ့သည်။

အမှုတော်မြတ်အတွက် အသုံးမပြုဘဲ မိမိနာမည်ကြီးဖို့၊ တန်ခိုးပြဖို့သာအသုံးပြုပြီး၊ လူများအထင်ကြီးခံချင်သည်။ နောက်ဆုံး၌ မယုံကြည်သူ ဒေလိလနှင့် ယှက်ခဲ့သည်။ မိဘများတား၍မရတော့ပါ။ စပျစ်ရည်သောက်၊ ခြင်္သေ့သတ်ပြီး၊ သတ်ခဲ့သောခြင်္သေ့ အသေကောင်ထဲ၌ စွဲသောပျားရည်ကိုပါ စားခဲ့သည်။ နာဇရိလူ ဘုရားရွေးချယ်သူ သန့်ရှင်းသူဟု သတ်မှတ်ခံရသူများသည် အသေကောင်ကိုမျှ လက်နှင့်မထိရပါ။ သို့သော် ရှံဆုန်သည် မိမိအားခွန်အားပေးသောဘုရားကိုမေ့၊ မိဘစကားကိုနားမထောင်ဘဲ လွဲမှားစွာအသုံးပြုခဲ့သောကြောင့်၊ နောက်ဆုံး၌ မရှုမလှ ရန်သူ၏လက်ထဲ၌အသက်ဆုံးရှုံးခဲ့ရရှာသည်။ ဘုရားအသုံးပြုခြင်းကိုသာဂုဏ်ယူပြီး ဘုရားအတွက် အသက်မရှင်သောရှံဆုန်ကဲ့သို့ မဖြစ်ရလေအောင် သတိထားသင့်ပေသည်။

သမ္မာကျမ်းစာ၌ ဘုရားအသုံးပြုခံရသူများစွာတွေ့ရပါသည်။ ဘုရား၏အသုံးပြုခြင်းကိုသာ ကျေနပ်ပြီး၊ မိမိ၏နာမည်ကျော်ကြားရန်၊ ဘုရား၏တန်ခိုး၊ အခွင့်အာဏာကို အလွဲသုံးစားပြုကာ၊ ဇာတိ၌သာ အသုံးချပြီး၊ ဝိညာဉ်ရေးရာအတွက် အသက်ရှင်ခြင်းမရှိသူများ၏ဘဝနိဂုံးမှာ ဝမ်းနည်းဘွယ်ရာတွေ့ရသည်။

ထို့ကြောင့် ဘုရားသခင်သည် လူမကဘဲ တိရိစ္ဆာန်၊ သက်မဲ့၊ အရာဝတ္ထုများကိုပင် အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ဘုရား၏စိတ်၌သာ နှစ်သက်ရန်လိုအပ်ပါသည်။ ဘုရားသခင်သုံးသောကြောင့်သာ မျက်နှာရခြင်းဖြစ်ကြောင်း၊ သိရှိဖို့လိုသည်။ ယေရှု စီးသောမြည်းကလေးသာဖြစ်ကြောင်း နားလည်ပြီး၊ မိမိသခင်၏ စိတ်ကိုသာနှစ်သက်မှုဖြစ်စေဖို့လိုသည်။ ဘုရားသခင်သည် မယုံကြည်သူများကိုပင် မိမိအမှုတော်အတွက် အသုံးပြုနိုင်ပါသည်။ ဘုရားအသုံးခံနေသောဘဝ၌ အကောင်းဘက်၌လား၊ အဆိုးဘက်၌လား၊ အသုံးပြုခြင်းကိုလိုက်လျောနိုင်သည်။ ထို့ကြောင့် ယုဒရှကာယုတ်ပင် အဆိုးဘက်၌အသုံးခံပြီး သခင်ကိုငွေသုံးဆယ်နှင့်ရောင်းသောနေရာ၌ အသုံးခံခဲ့ရသည်။ ဘုရားသခင်သည် လူတိုင်း၏စိတ်သဘောကို လွတ်လပ်စွာရွေးချယ်ခွင့်ပေးသည်။ ဘုရားသခင်၏ အသုံးတော် ခံနေစဉ်တွင်ပင် မိမိအသက်တာကို ဘုရားဘုန်းတော်ထင်ရှားစေရန် ဆက်ကပ်အသက်ရှင်သူများဖြစ်ကြပါစို့။

**၂။ ဘုရားသခင်၏လူ –Man of God** (၂တိ၊ ၃း၁၆–၁၇) ဘုရားသခင်အသုံးပြုခြင်းခံသူထက် ဘုရားသခင်၏လူဖြစ်ဖို့ တိုက်တွန်းလိုပါသည်။ ဘုရားသခင်၏လူသည် မိမိနာမည်ရဘို့ထက် ဘုရားဘုန်းတော်ကိုထင်ရှားစေသည်။ ဘုရားသခင်သည် သူ့အား အသုံးပြုနေသည်ဟု သိပြီး၊ သခင်၏စိတ်ကိုသာ နှစ်သက်စေဖို့ အသက်ရှင်သောသူ၊ ဇာတိနှင့် ဝိညာဉ်ကိုပိုင်းခြားတတ်ပြီး၊ ဝိညာဉ်ရေးရာကိုသာ ဦးထိပ်ထားသောသူများသည် ဘုရားသခင်၏ လူ မှန်ကန်ကြောင်းကို သိရသည်။

(က) ဘုရားသခင်၏လူ ဧနောက် (က၊ ၅း၂၁–၂၄)

သမ္မာကျမ်းစာ၌ ဘုရားသခင်၏လူများအသက်တာကို လေ့လာသောအခါ ဘုရားသခင်နှင့်အတူ သွားလာကြသည်။ မိမိတို့အလိုဆန္ဒထက် ဘုရားသခင်ကိုဦးစားပေးသည်။ ဧနောက်သည် နှစ်ပေါင်း (၃၀၀)လုံးလုံး ဘုရားသခင်နှင့်အတူ သွားလာပြီး၊ နောက်တဖန် မြေကြီးပေါ်မှာမရှိ။ ဘုရားသခင်သည် အရှင်လတ်လတ် သိမ်းယူခြင်းဖြစ်သည်။

(ခ) ဘုရားသခင်၏လူ ဧလိယ (၃ရာ၊ ၁၇း၁–၂၄၊ ယာ၊ ၅း၁၇)

ဧလိယသည်လည်း စာရေးသော ပရောဖက်မဟုတ်သော်လည်း၊ ဘုရားသခင်၏ဘုန်းကို ထင်ရှားစွာအသက်ရှင်ခဲ့သော ဘုရားလူစစ်ဖြစ်သည်။ ရာသီဥတုကိုပင် ကိုင်တွယ်ပြီး၊ အာဟတ်မင်းကို စိန်ခေါ်ခဲ့သည်။ မိုးမရွာအောင် ဆုတောင်း၍ ၃နှစ်ခွဲလုံးလုံး မိုးမရွာခဲ့ပေ။ (ယာ၊ ၅း၁၇) အစာခေါင်းပါး၍ သားသမီးများကိုပင် ပြုတ်စားသောအချိန်၌ သူ့အား ကျီးအ ဖြင့် ဘုရားသခင်ကျွေးမွေးခဲ့သည်။ ဘုရားသခင်သည် သူ့စကားနားထောင်သူကို ဘယ်သောအခါမျှမမေ့မလျော့ခဲ့ပေ။ မုဆိုးမနှင့်သားငယ်ကိုပင် ဆီမလျော့၊ မုန့်မကုန်အောင်ကောင်းကြီးပေးခဲ့သည်။ တ္တသရေလရှင်ဘုရင်အာဟတ်မင်းရှေ့၌လည်း မားမားမတ်မတ်ရပ်တည်ဟောပြောခဲ့သည်။ ဗာလဘုရား ၄၀၀ ရှေ့မှာ ထာဝရဘုရားအသက်ရှင်ကြောင်းကို စိန်ခေါ်ပြီး နိမိတ်လက္ခဏာထင်ရှားစွာပြခဲ့ပေသည်။ နောက်ဆုံးအသက်တာ၌ သူ၏နေရာ၌ လက်ထောက်ဧလိရှဲကို ရွေးကောက်ခန့်

ထားပြီး သွန်သင်ခဲ့သည်။ ထို့ကြောင့် ဘုရားလူသည် မိမိနောက်၌ရှိသူများကို ပြုစုပျိုးထောင်သည်။ နောက်ဆုံး၌ မီးမြင်း၊ မီးရထားနှင့် ကောင်းကင်သို့ အရှင်လတ်လတ် ချီဆောင်ခြင်းကိုခံရကြောင်းတွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း သစ္စာရှိစွာ ဘုရားအမှုတော်မြတ်၌ ပါဝင်ခြင်းဖြင့် အရှင်လတ်လတ် ကောင်းကင်သွားရန် ချီဆောင်ခြင်းရှိကြောင်း နားလည်ရသည်။ (၁ကော၊ ၁၅း၅၀-၅၄)။

(ဂ) ဘုရားလူဧလိရှဲ (၃ရာ၁၉၊ ၁၉း၁၉-၂၁၊ ၄ရာ၊ ၂၊ ၁-၂၅)၊ ၈း၁-၂၄။)

ဧလိရှဲသည်လည်း ဘုရားသခင်၏လူ ဖြစ်ကြောင်း ထင်ရှားစွာတွေ့ရသည်။ သူ၏ဆရာဧလိယ ခေါ်သောအခါ လယ်ထွန်ရာမှ ချက်ချင်းထ၍ ဧလိယနောက်သို့လိုက်ခဲ့သည်။ နွား(၁၂)ကောင်နှင့် လယ်ထွန်သော ဧလိရှဲအသက်တာကို ဘုရားသခင်သည် ရွေးကောက်ခဲ့သည်။ ယနေ့ အလုပ်များသောသူများကိုသာ ဘုရားသခင်အသုံးပြုချင်သည်။ မိတ်ဆွေအလုပ်များနေပါသလား။ ဘုရားသခင်သင့်ကိုခေါ်သုံးလိမ့်မည်။ မဿဲသည် အခွန်ခံနေစဉ်၊ ယာကုပ်နှင့်ယောဟန်တို့သည် ငါးများနေစဉ်၊ ဒါဝိဒ်နှင့်မောရှေတို့သည် သိုးထိန်းနေစဉ်၊ စသဖြင့် ဘုရားသခင်ခေါ်သုံးခဲ့သည်။ ဧလိရှဲသည် မိမိလယ်ထွန်ကိရိယာဖြင့် မီးရှို့ရာယဇ်၊ နွားဖြင့်ပူဇော်ပြီး မိဘဆွေမျိုးများကို နှုတ်ဆက်ကျွေးမွေးကာ အမှုတော်မြတ် ဘုရားခေါ်ရာ၊ ဧလိယနောက်သို့ လိုက်သွားကြောင်းတွေ့ရပါသည်။ အလုပ်လက်မဲ့ဖြစ်သူကိုခေါ်ခြင်းထက် အလုပ်များသူများကို ဘုရားအသုံးပြုချင်သည်။

ဧလိရှဲသည် ဧလိယ၏ဝိညာဉ်၂ဆကို တောင်း၍ ရယူခဲ့ကြောင်း တွေ့ရသည်။ (၄ရာ၊ ၂း၉-၂၅) ယော်ဒန်မြစ်ကို ဝတ်လုံနှင့်ရိုက်၍ ပြတ်ကွဲ၍ဖြတ်ခဲ့ကြောင်း၊ ခါးသောရေကိုချိုစေကြောင်း၊ တွေ့ရသည်။ သူ့အား ကဲ့ရဲ့သူများလည်း ဝက်မနှစ်ကောင် တောမှလာ၍ ကိုက်သတ်ကြောင်းများကိုတွေ့ရသည်။ ဘုရားသခင်သည် သူ၏လူများကို အကဲ့ရဲ့ပင်မခံစေချင်ပါ။ ငါသည်ဘုရားလူဖြစ်သည်ဟု သူများကိုမိတ်ဆက်ခြင်း မတွေ့ရပါ။ လမ်း၌သွားစဉ် ရှုနင်မြို့သူက ဘုရားသခင်၏ သန့်ရှင်းသူဖြစ်ကြောင်းမြင်တွေ့ရုံနှင့်သိပြီး၊ သူ့အတွက် အိမ်ယာအခန်းများပြင်ဆင်ပြီး၊ ကျွေးမွေးကြောင်းတွေ့ရသည်။ ဘုရားသခင်၏လူစစ်မှန်ပါက ဘုရားသည် စားဝတ်နေရေးတာဝန်ယူသောဘုရားဖြစ်သည်။

ဧလိရှဲသည် သူ့ကို ပြုစုသောရှုနင်မြို့သူအား သားရတနာရစေခဲ့ပါသည်။ အိမ်ရှင်များကို ကောင်းကြီးရစေခဲ့ပါသည်။ ကျွန်ုပ်တို့ဘုရားလူများသည် ရောက်သည့်နေရာတိုင်း၌မင်္ဂလာဖြစ်စေပြီး၊ လူများ၏ ဝမ်းမြောက်ငြိမ်သက်ခြင်းကိုသာရရှိခံစားစေရန် ဖြစ်ရပါမည်။ ကျွန်ုပ်တို့ရောက်ရှိခြင်းဖြင့် အိမ်ရှင်များဝန်လေး ဒုက္ခပင်ပန်းစေသောသူမဖြစ်စေရန် သတိပြုသင့်သည်။

ဧလိရှဲသည် သေနာစွဲ၍ အိုမင်းလာပြီး၊ ကုတင်ပေါ်ရောက်သည့်တိုင် တိုင်းပြည်နှင့်လူမျိုးအတွက် အားကိုးအားထားရသူဖြစ်ကြောင်း၊ ရှင်ဘုရင်ယဟောရှက လာ၍ အကူအညီတောင်းခံသောအခါ အိပ်ယာပေါ်ကနေ စိတ်အားထက်သန်စွာ အမှုဆောင်ကြောင်းတွေ့ရသည်။ ဘုရားလူများသည် ပင်စင်ယူ အနားယူခြင်းမရှိပါ။ သေသည်အထိ အမှုဆောင်သူဖြစ်ရပါမည်။ အခြေအနေအရ ဘုရားအမှုဆောင်သူ မဟုတ်ရပါ။(၄ရာ၊ ၁၃း၁၄-၂၀) ဧလိရှဲ၏အရိုးအုတ်ဂူထဲသို့ အလောင်းကိုချထားသောအခါ အလောင်းပင် ရှင်ပြန်ထမြောက်ကြောင်းတွေ့ရသည်။ ဧလိရှဲသည် အရိုးထိအမှုတော်မြတ်၌ပါဝင်နေကြောင်း သမ္မာကျမ်းစာ၌ တွေ့ရပါသည်။

(ဃ) ဘုရားသခင်၏လူယောဘ(ယောဘ၊ ၁-၄၂)

ဘုရားသခင်၏လူ ယောဘသည် ဘုရားသခင်ကိုယ်တိုင်က အားကျဂုဏ်ယူပြီး စာတန်မာရ်နတ်ကိုပင် စိန်ခေါ်ရလောက်အောင် သစ္စာရှိသူဖြစ်ပါသည်။ ထို့ကြောင့် စာတန်မာရ်နတ်နှုတ်ပိတ်သည်အထိ အနိုင်ယူခဲ့ကြောင်းတွေ့ရပါသည်။

စာတန်မာရ်နတ်သည် ယောဘကို ဘုရားကောင်းကြီးခံစားခြင်းကြောင့်သာ ဘုရားအပေါ် သစ္စာရှိသည်ဟု ယုံမှား အထင်အမြင်သေးခဲ့ပါသည်။ ထို့ကြောင့် ဥစ္စာပစ္စည်းများပျက်စီးဆုံးရှုံးသည်အထိ ဘုရားကဖျက်ဆီးခွင့်ကို စာတန်အားပေးပြီး၊ စုံစမ်းခဲ့သော်လည်း ယောဘသည် ဘုရားအပေါ်သစ္စာရှိစွာ ယုံကြည်ကြောင်းတွေ့ရသည်။ မိတ်ဆွေ ဘုရားကောင်း

ကြီးကြောင့်သာဘုရားကိုယုံကြည်လျှင် စာတန်တောင် အထင်သေးခံရလိမ့်မည်။ မှန်သောဘုရားကို မည်သည့် အခြေအနေရောက်ရောက် သစ္စာရှိစွာယုံကြည်ရပါ မည်။ ကုလားအုပ်သုံးထောင်၊ သိုးခုနစ်ထောင်၊ နွား အယှဉ်ငါးရာ၊ သားသမီး(၁၀)ယောက်သေပြီး၊ သူ ကိုယ်တိုင် အနာစိမ်းများ တကိုယ်လုံးပေါက်သည့် တိုင်အောင် ဘုရားသခင်အပေါ်သစ္စာရှိပါသည်။ ဘုရားသခင်ပေးတော်မူ၏။ ဘုရားသခင်လည်း ရုပ် သိမ်းတော်မူ၏ ဟု ပြောဆိုဝန်ခံပြီး အသက်ရှင်ခဲ့သည်။ (ယောဘ၊ ၁း၂၁၊ ၂း၁၀) ယောဘ၏မိန်းမသည် သူ၏ ပစ္စည်းဥစ္စာများနှင့်လူများရှုံးသောအခါ ဘုရားကိုစွန့် ပယ်ရန် ဆုံးဖြတ်လာခဲ့သည်။ ယောဘမိန်းမကဲ့သို့သော ဖန်ဆင်းရှင်ကိုငြင်းပယ်ပြစ်တင်သော မိန်းမမျိုးကို သတိ ထားသင့်ပါသည်။ ဘုရားသခင်ထံမှ ကောင်းစားခြင်း နှင့် ဒုက္ခဆင်းရဲခြင်းကို ဝမ်းမြောက်စွာ ခံယူသောသူ သာ ဘုရားသခင်၏လူစစ်မှန်ပါသည်။

အချုပ်ဆိုရသော် ဘုရားသခင်အသုံးပြုသော သူများသည် ကောင်းသော်လည်း မိမိအသက်တာ၌ ဘုရားသခင်ကိုနက်နဲစွာ မချစ်တတ်ကြပါ။ ဘုရားသခင် ထက် ဘုရားကောင်းကြီးနှင့်သူ၏ကျေးဇူးပြုခြင်းတန်ခိုး များကိုသာ နှစ်သက်တတ်၏။ ဘုရားသခင်ထက် မိမိ၏ ဘုန်းနာမကိုသာ ကျော်ကြားစေချင်သည်။ ထိုသို့ ဖြစ်လာပါက အချိန်မီ မိမိအသက်တာကို ဘုရားသခင် အား ဝန်ချလျက် မိမိသည် ဘာမျှမဟုတ်ကြောင်း သိမှတ်လျက် ဘုရားဘုန်းကိုသာထင်ရှားစေသူဖြစ်၍ ဆက်ကပ်ရပါမည်။ ဘုရားအသုံးပြုခြင်းကိုသာ ဂုဏ်ယူ ပြီး၊ အခြားသူများအား အထင်သေးအမြင်သေး ဖြစ်လာတတ်ကြသည်။ သူတပါးသည် ကိုယ့်ထက် သာ၍မြတ်သည်ဟု မထင်တတ်တော့ပါ။ မိမိကိုယ်ကို ချီးမြှောက်တတ်သည်။ (ဖိ၊ ၂း၃-၅) ယေရှုခရစ်၏ စိတ် သဘောရှိသင့်သည်။ ထို့ကြောင့် ဘုရားအသုံးပြုခြင်း နှင့်သာ မကျေနပ်ဘဲ ဘုရားသခင်၏ဘုန်းကိုထင်ရှား စေသူဖြစ်ဘို့ ပို၍ကျိုးနွံစွာဆက်ကပ်သင့်သည်။ ဘုရား အသုံးပြုသောသူကို စာတန်မာရ်နတ်သည် အလဲထိုး၍ အသင့်စောင့်နေကြောင်း သိမှတ်လျက် ပို၍ ဆက်ကပ် အသက်ရှင်သင့်ပါသည်။ (၁ပေ၊ ၅း၇-၈)

ဘုရားသခင်၏လူ (**Man of God**)မူကား ကျမ်းစာထဲ၌ အကျယ်တဝင့်ဖော်ပြခြင်းမရှိပါ။ ဘုရား သခင်၏လူများဖြစ်သော်လည်း လူသူအားလုံးက မသိသောပုဂ္ဂိုလ်များစွာရှိသည်။ ဧလိရှဲနှင့် ဧလိယတို့ သည် ကျမ်းရေးသူများမဟုတ်သော်လည်း ပြောင် မြောက်စွာ ဘုရားဘက်၌ ဟောပြောအသက်ရှင်ခဲ့ သည်။ ဧနောက်သည်လည်း နှစ်ပေါင်း (၃၀၀)လုံးလုံး ဘုရားနှင့်အတူ သွားလာပြီး ဘုရားသခင်ရုပ်သိမ်း ကြောင်းသိရသည်။ ဘုရားသခင်၏လူများဖြစ်သော ဧနောက်နှင့်ဧလိယကို အရှင်လတ်လတ်ဘုရားသခင် သည် ချီဆောင်သကဲ့သို့ ယနေ့ အသင်းတော်ခေတ် ယုံကြည်သူများလည်း ချီဆောင်ခြင်း၌ ပါရမည်ဟု မျှော်လင့်ကြပါစို့။

ဘုရားသခင်၏လူများသည် ဘုရားသခင်နှင့် အချိန်ယူ၍အသက်ရှင်တတ်ကြသည်။ မိမိတို့အသက် တာများကို ဘုရားအတွက်သာ ဆက်ကပ်အပ်နှံကြ သည်။ ဘုရားအတွက်သာ တနေ့ထက်တနေ့ ဆက် ကပ်အသက်ရှင်သည်။ တပါးသူများကိုလည်း ကောင်း သောမျိုးစေ့သမ္မာတရားဟောပြောသွန်သင်ကြသည်။ လူမျက်နှာမထောက်ဘဲ ဘုရားမျက်နှာကိုသာထောက် ၍ ပြတ်သားစွာ ဟောပြောကြသည်။ ဘုရား၏တရား စကားများကို ကိုယ်တိုင်ခံယူရုံမက၊ တခြားသူများကို ပုံသက်သေပြနိုင်ရန်၊ ပြုစုပျိုးထောင်နိုင်ရန် ဟောပြော သွန်သင်သူများဖြစ်သည်။

ထို့ကြောင့် ချစ်သောမိတ်ဆွေအပေါင်းတို့ – ဘုရားသခင်အသုံးခံခြင်းကိုသာ အားရဂုဏ်ယူခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏လူ ပီသစွာ၊ မိမိတို့အသက် တာ၌ ဘုရားသခင်၏စိတ်ကို နှစ်သက်စေသူဖြစ်ဖို့ မိမိ အတွင်းလူကိုတည်ဆောက်ပြုစုပြီး၊ အသက်ရှင်သော သူ အယောက်တိုင်းဖြစ်ဖို့ ဆက်ကပ်ကြပါရန်၊ တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ဆရာလိန်းမနား
၆၄၆ ခဝဲခြံ(၂)လမ်း
အနောက်ကြို့ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့
ဖုန်း၊ ၆၆၆-၈၂၅
Email: sayaling@gmail.com
Email: jameslingmana@yahoo.com

●●●●●●●●●●●●●●●

# ယုဒသန်နှင့်မြန်မာရွှေပြည်

## (အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရှိ့ထောင်တို့တွင်နေခဲ့ရသူ)

**မောင်စင်ကြယ်**

‘ဆရာကြီးဦးညိုမြနဲ့ ဆရာမောင်သော်တို့ရဲ့ ထင်မြင်ယူဆချက်တွေလည်းနားထောင်ပါရစေဆရာ’

“မြဝတီမင်းကြီးဦးစနှင့် ဆရာယုဒသန်တို့သည် အလွန်ခင်မင်ရင်းနှီးသူများဖြစ်ကြသည်၊ ‘အထူးထူး’ အစချီသော‘တောလားပတ်ပျိုးကြီး’သည် **(Ave Maria ! Bleesed maid)**အစချီသည့် ဗရင်ဂျီဓမ္မတေးသီချင်း၏မူလအခြေခံဖြစ်ပါသည်။” “ဤနေရာတွင် ခရစ်ယာန်ဒေသနာဟောကြားမှုနှင့် ပတ်သက်၍ ‘ဘကြီးတော်ဘုရား’နှင့် ဒေါက်တာဂျုဒ်ဆင် တို့သည် ရွှေနန်းတော်တွင် မကြာခဏတွေ့ ဆုံလေ့ရှိကြ ပါသည်”

“ယုဒသန်ဘာသာပြန်သည့် သမ္မာကျမ်းစာကို မြန်မာအတော်များများနားမလည်ဘူးဟုပြောကြသည်၊ မည်သို့ပင်ဖြစ်စေ‘ကိုယ့်လူ’ယုဒသန်အကြောင်း သုတေသနပြုပြီးရေးတာကိုတော့ သဘောကျသည်”

ဦးညိုမြ

အိုးဝေ – အယ်ဒီတာချုပ်

(နိုင်ငံဂုဏ်ရည်ဒုတိယအဆင့်)

‘ဆရာရယ်၊ ဆရာခုရေးတဲ့ ဆရာယုဒသန်က ထင်မြင်ယူဆချက်တွေနဲ့တောင် လက်ကမချနိုင်တော့ပါဘူးဆရာ’

“ဒေါက်တာဂျုဒ်ဆင်(ယုဒသန်) မြန်မာပြည်သို့ရောက်လာခြင်းသည် ရိုးရိုးသားသားဖြင့် သာသနာပြုရန်လာရောက်ခြင်းသာဖြစ်ကြောင်း အထောက်အထားများရှိပါသည်၊ ဘာသာရေးတွင် နိုင်ငံရေးနှင့် မကင်းသူတွေ သူလျှိုတွေပါလာသော်လည်း ဒေါက်တာဂျုဒ်ဆင်မှာမူ သူလျှိုတဦးမဟုတ်ကြောင်း အထောက်အထားများနှင့် အခိုင်အမာပြောနိုင်ပါသည်”

“ဒေါက်တာဂျုဒ်ဆင်သည် မိမိဘာသာရေးယုံကြည်ချက်ကြောင့် အနစ်နာခံခဲ့သည်၊ ‘ဘကြီးတော်ဘုရား’ လက်ထက်တွင် ထောင်သွင်းအကျဉ်းကျခဲ့သော်လည်း အမျက်ဒေါသမထွက်ခဲ့ပါ၊ ယင်းအချက်များသည် ဒေါက်တာဂျုဒ်ဆင်အကြောင်းကိုသာ ပြောခြင်းဖြစ်ပါသည်၊ နောက်ပိုင်းသာသနာပြုဆရာများနှင့်ကားမဆိုင်ပါ”

မောင်သော်

စာရေးဆရာ – သမိုင်းသုတေသီ

(ဆိုဗီယက်သတင်းစဉ် အယ်ဒီတာချုပ်)

‘ဟုတ်ကဲ့ဆရာ၊ “ယုဒသန်နှင့် မြန်မာရွှေပြည်” ထင်မြင်ချက်ရေးသူများအနက် တဦးတည်းသော အသက်ရှင်နေသူ “ဆရာသုတေသီမြင့်ထွန်း” ရဲ့ ထင်မြင်ယူဆချက်ကိုလည်း၊ နောက်ဆုံးအနေနဲ့ သိပါရစေဆရာ’

“မြန်မာစာ–မြန်မာစကားတတ်ကျွမ်းသော နိုင်ငံခြားသားပညာရှင်များအနက် ဆရာယုဒသန်သည် အားလုံးအပေါ်တွင်သရဖူဆောင်းခဲ့သည့် နံပါတ်တစ်ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်၊ ဆရာယုဒသန်သည် မြန်မာစာ–မြန်မာစကားကို ချစ်ခင်ရာတွင်လည်း ရင်ထဲအသည်းထဲက နှစ်နှစ်ကာကာစွဲစွဲလမ်းလမ်း ချစ်ခင်ခဲ့သည့်ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်”

(သုတေသီ – မြင့်ထွန်း)

စာရေးဆရာ

**အခြေခံအချက်များ**

'စာအုပ်တအုပ်ရေးသားရာမှာ အခြေခံရမယ့် အချက်အလက်များလိုပါတယ်ဆရာ၊ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်မျိုးကို ဘယ်လိုများရှာဖွေပါသလဲဆရာ'

"ဒီအတွက်ကတော့ ရိုးရိုးသားသားပဲ ပြောပါ့မယ်၊ 'ယုဒသန်နဲ့မြန်မာရွှေပြည်'ကို ကိုမောင်မောင်ကျော် (မြန်မာစာအုပ်တိုက်)နဲ့စကားပြောရာက သဘောတူကြပါတယ်၊ ဒီနောက် ဆရာဦးညိုမြနဲ့ သမတဟိုတယ်မှာတွေ့ကြပြန်တယ်၊ သူကဘာလုပ်သလဲလို့ မေးတဲ့အခါ ကိုယ်က ဆရာယုဒသန်အကြောင်း"ယုဒသန်နှင့်မြန်မာရွှေပြည်"(အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ် လက်မရွံ့ထောင်တို့တွင်နေခဲ့ရသူ)လေ့လာနေပါတယ်၊ စာတစ်အုပ်ရေးဘို့ပါလို့ဖြေပါတယ်"

'ဟုတ်ကဲ့ဆရာ၊ ပြောပါ'

"ဆရာဦးညိုမြက မြဝတီမင်းကြီးနဲ့ ဆရာယုဒသန်တို့ဟာ သိပ်ကိုရင်းနှီးကြတယ်၊ မောင်ရင်သိမှာ ပေါ့လို့ ပြောပါတယ်၊ တကယ်တော့ ကိုဒေါင်းရေ၊ ဒီချိန်ထိ ဆရာယုဒသန်အတွက် အခြေခံအချက်အလက်က မစုဆောင်းရသေးဘူး၊ "နောက်တနေ့မှာ အလုံမှာရှိတဲ့ ရုပ်ရှင်အကယ်ဒမီဒါရိုက်တာ 'ကိုထွန်းလှိုင်'ထံသွားပါတယ်၊ အခြေအနေနဲ့လိုအပ်ချက်တွေကိုလည်း ပြောပြပါတယ်၊ သူကမပူပါနဲ့ သူကူညီပါ့မယ်လို့ ပြောပါတယ်"

'ဘယ်လိုများအကူအညီရသလဲဆရာရယ်'

"ကိုထွန်းလှိုင်က 'ကူရှင်'ကျောင်းဝင်းအတွင်းမှာနေတဲ့ **BBC** မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းချုပ်မှာ လူငယ်အသင်းတော်တာဝန်ကိုယူနေတဲ့'ကိုစောနိုင်'ထံခေါ်သွားပါတယ်၊ ကိုစောနိုင်ကမှ တဆင့် 'စိန့်ဂျွန်း' လမ်းပေါ်မှာရှိတဲ့ **BBC** ရုံးခန်းနဲ့ စာအုပ်တွေရှိရာကို ရောက်သွားပါတယ်"

'ဟုတ်ကဲ့ဆရာ ပြောပါ'

"အဲဒီမှာ ဆရာကိုစောနိုင်နဲ့ ကိုထွန်းလှိုင်တို့ရဲ့ ကောင်းမှုနဲ့ ဆရာရွှေဝ(**Shwe Wa**) ရေးသားမှတ်တမ်းတင်တဲ့ 'မြန်မာနိုင်ငံခရစ်ယာန်နှစ်ခြင်းအသင်းတော်မှတ်တမ်း' (**Burmese Baptist Chronicle**) အင်္ဂလိပ်ဘာသာနဲ့ကတစ်အုပ်၊ ဦးသာတင်(ပြည်) ရေးသားတဲ့ 'အောက်မေ့ဖွယ်ဝတ္ထုမှတ်တမ်း' မြန်မာဘာသာနဲ့ကတစ်အုပ်၊ ဒီနှစ်အုပ်ကို ပထမဆုံး အကြိမ်ရခဲ့တယ်ကိုဒေါင်း"

'ဒါဆိုဆရာ အလုပ်တောင်စနိုင်ပြီပေါ့ဆရာ'

"အလုပ်စဘို့ ပုံစံချနေစဉ်မှာဘဲ စာအုပ်အဟောင်းဆိုင်မှာ ဒေါက်တာ**Helen Trager**ရဲ့ နိုင်ငံခြားမှမြင်ရ သောမြန်မာပြည်အကြောင်း (**Burma Through Alien eyes**) ဆိုတဲ့စာအုပ်ကောင်းတစ်အုပ်လည်း ရပြန်တယ်လေ"

'ဟယ်လင်ထရေဂါ က ဘယ်သူများလဲဆရာ'

"ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်တော်သာခေတ်က အမေရိကန်ရဲ့အကူအညီနဲ့ ရန်ကုန်တက္ကသိုလ်မှာ လာရောက်အမှုထမ်းသွားတဲ့ ဖရင့်ထရေဂါ (**Frank Trager**)နဲ့ ဟယ်လင်ထရေဂါ (**Helen Trager**) တို့ပါပဲ၊ 'ဒေါ်စု'လန်ဒန်ကနေပြီးနယူးရောက်မှာ ဘွဲ့လွန်သင်တန်းတက်ရန်ဒေါ်သန်းအေး(ဒိုရာသန်းအေး)နဲ့ လာရောက်နေစဉ်ကလည်း များစွာအကူအညီပေးတဲ့ အပြည်ပြည်ဆိုင်ရာရေးရာပါမောက္ခဖြစ်နေသူ 'ဖရင့်ထရေဂါ' လေ၊ မြန်မာ့ရေးရာလည်း ကျွမ်းကျင်သူပေါ့"

'ဟယ်လင်ထရေဂါရဲ့စာအုပ်မှာ ဆရာယုဒသန်ရေးတာတွေပါမှာပေါ့ဆရာ'

"သိပ်သေချာတာပေါ့ကိုဒေါင်း၊ ပေါ်တူဂီဘုန်းတော်ကြီးတွေ မြန်မာနိုင်ငံတွင်း ပထမဆုံးရောက်လာပုံ၊ ပထမဆုံး သံလျင်မှာ အုတ်နဲ့ဘုရားကျောင်းတည်ဆောက်ပုံ၊ သံလျင်မှာရောက်နေတဲ့ ပေါ်တူဂီဗရင်ဂျီ ဘုန်းတော်ကြီးတွေ မြန်မာပြည်တွင်းဝင်ရောက်စွက်ဖက်လို့ ကွပ်မျက်ခံရပုံ၊ ရောမက 'ပုပ်' ရဟန်းမင်းရဲ့ ကိုယ်စားလှယ်တော် ဘုန်းတော်ကြီးတွေ တရုတ်ပြည်'ပီကင်း'ကိုလာရာမှာ အခြေအနေမကောင်းလို့ 'အင်းဝ' နေပြည်တော်က 'စနေမင်း' ထံရောက်လာပုံ၊ မြန်မာဘုရင်က လေးလေးစားစားနဲ့ နန်းတွင်းအဝင်အထွက် လက်ခံရာမှ နောက်ပိုင်းမှာပေါ်တူဂီဗရင်ဂျီ ဘုန်းတော်ကြီးတွေနဲ့ ရောမကလာတဲ့ 'ဘာနာဗိုက်' ဂိုဏ်းဝင်အီတာလျံဘုန်းတော်ကြီးတွေ မသင့်မမြတ်ဖြစ်ကြပုံတွေပါ ပါတယ်ကွဲ့"

'ဟုတ်ကဲ့ဆရာ၊ ဆက်ပါ'

"အဲဒီနောက် ရေးတဲ့အလုပ်ထက် ရှာဖွေစုဆောင်းတဲ့အလုပ်ကို ကိုယ်ကဆက်လုပ်ပါတယ်၊

ဒီတော့ ဗိုလ်အောင်ကျော်အထက်လမ်း 'သွေးသောက် မဂ္ဂဇင်း'နဲ့ မနီးမဝေးမှာ ဒီတုန်းက 'ဟံသာဝတီ' စာအုပ်တိုက်ကလေးရှိနေတော့ဟိုမှာသွားရှာတယ်၊ ရိုမန်ကက်သိုလစ်(ဗရင်ဂျီ) နဲ့ပတ်သက်ပြီး **'A History of the Catholic Burmese'** မြန်မာနိုင်ငံဆိုင်ရာ ဗရင်ဂျီသာသနာအတ္ထုပ္ပတ္တိ ရလာတယ်၊ တစ်ခါစာအုပ် အဟောင်းဆိုင်တစ်နေရာမှာ 'မင်းတုံးမင်းတရားကြီး'ရဲ့ သားတော်တွေဖြစ်တဲ့ သီပေါမင်းအပါအဝင်အင်္ဂလိပ်စာ သင်ပေးတဲ့ဘုန်းတော်ကြီးဒေါက်တာမှတ်(**Dr.Mankg**) ရဲ့ **'Forty years in Burma'** ရပြန်တယ်"

'ဒီလောက်ကောင်းတဲ့စာအုပ်ဟောင်းတွေ ရပြီဆိုတော့ ဆရာဆက်ရေးလို့ ရသလောက်ရှိပြီပေါ့ နော် ဆရာ'

"ဒါပေမင့် ကိုယ်က ရေးရင်းရှာ၊ ရှာရင်းရေး ပါပဲကွယ်၊ တဘက်မှာရေးနေသလို တဘက်မှာလည်း နားတွေမျက်စိတွေဖွင့်ထားတယ်လေ၊ ဒီတုန်းကတော့ 'ဆရာလှကျော်'က ဘုန်းတော်ကြီး 'ဘစ်ရှော့' ပေါ့၊ နောက်ပိုင်းကျတော့ကဗျာဆရာ 'မောင်ပေါက်စည်' အမည်ခံတဲ့ ဘုန်းတော်ကြီး 'အင်ဒရူးမြဟန်'က အင်္ဂလိကန်အသင်းတော်ကြီးမှာ သာသနာပိုင်ချုပ် ဖြစ်လာတယ်၊ အဲဒီအသင်းတော်နဲ့ ကိုယ်နဲ့က မနီးမဝေး လည်းဖြစ်တယ်၊ အဲဒီမှာ အမှုထမ်းတွေက လူရင်းတွေ ဆိုတော့ နောက်ပိုင်းမှာ အင်္ဂလိကန်အသင်းတော် နှစ်ပေါင်းတရာစာအုပ်တစ်အုပ် ရပြန်တယ်လေ"

'ဆရာ့အတွက်ကတော့ စာအုပ်တွေဟာ ရှာရင်းလည်းရ၊ မရှာရင်းလည်း ရလို့ပါလားဆရာ'

"နောက်ဆုံးရတာကတော့ကွယ်၊ စာရေး တာက စာမျက်နှာပေါင်းက တစ်ရာကျော်နေပြီ၊ ဒီမှာ စစ်အတွင်းက ဗိုလ်ချုပ်ကြီး (စတီးဝဲလ်)နဲ့အတူ ဆုတ်ခွာခဲ့တဲ့ 'နမ့်ခမ်း' ဆေးရုံကြီးက ဆရာဝန်ကြီး ဒေါက်တာ ဆီးဂရေစ့်ရေးသားတဲ့ မြန်မာပြည်ခွဲစိတ်ဆရာဝန် **'Burma Surgeon'** နဲ့ မြန်မာခွဲစိတ်ဆရာဝန်ပြန်လာ ပြီ **'Burma Surgeon Returns'**အမည်ရှိတဲ့ စာအုပ်နှစ်အုပ်စလုံး စာအုပ် အဟောင်းဆိုင်မှာပဲ ရပြန် ပါတယ်"

'အဲဒီ ဆရာနောက်ဆုံးရတဲ့စာအုပ်နှစ်အုပ်က ဆရာယုဒသန်နဲ့ ဆက်စပ်မှုများရောရှိပါသလားဆရာ'

"ဆရာယုဒသန်ကတော့ ကွယ်လွန်ခဲ့ပါပြီ၊ ဒါပေမင့် နှစ်ခြင်းခရစ်ယာန်သာသနာဟာ ကြီးကျယ် လာတော့ နမ့်ခမ်းဆေးရုံမှာ ဆေးဝါးကုသတဲ့အလုပ် အပြင် 'ပျဉ်းမနား' မှာ 'ဗိုလ်ကိတ်' လို့အမည်တွင်တဲ့ **'Brayton Case'** ဗရေတန်ကေ့စ်ရဲ့ စိုက်ပျိုးရေး အလုပ်တွေဟာ တကယ်ကြီးကျယ်တဲ့ နှစ်ခြင်းခရစ် ယာန်အလုပ် ဖြစ်လာပါတော့တယ်"

**စာပေစိစစ်ရေးက ဘာကြောင့်ခွင့်မပြု**

'ယုဒသန်ဆိုတဲ့ပုဂ္ဂိုလ်အမည်ရယ်၊ ဆရာရဲ့ လေ့လာစုံစမ်းမှုတွေရယ်၊ ဘယ်လိုအားထုတ်ရတယ်၊ ဘယ်လိုကြိုးစားရတယ်ဆိုတာ နားလည်ပါတယ်ဆရာ၊ ဒီအတွက် စာပေစိစစ်ရေးက ဘယ်လိုများတုံ့ပြန်ပါ သလဲဆရာရယ်'

"ဒီ ယုဒသန်နှင့်မြန်မာ့ရွှေပြည်ကို ကိုယ်ရေးတဲ့ အခါ သုံးလေးလလောက်ကြာတယ်၊ ဒီအချိန်မှာ ကိုယ် ကလည်း အစိုးရဝန်ထမ်းက ပင်စင်ယူလိုက်ပြီဆိုတော့ လွတ်လွတ်လပ်လပ်နဲ့ရေးတော့တာကိုး၊ ပြီးတော့ ရေးခါ စမှာ စိတ်က'လေး'နေပေမင့်၊ နောက်ပိုင်းမှာတော့ သွက်သွက်လက်လက်ဖြစ်လာတယ်"

'ဟုတ်ကဲ့ဆရာ၊ နားထောင်နေပါတယ်'

"ပြီးတော့ စာအုပ်တိုက်ကရတဲ့ စရံငွေသုံး ထောင်လည်း သုံးလို့စားလို့ကုန်ပြီ၊ စာမူပြန်အပ်တော့ မှ ကျန်တဲ့ငွေသုံးထောင်လည်း ထပ်ရမှာဖြစ်တယ်၊ ဒီ အတွက်ကတော့ ရွှင်ရွှင်လန်းလန်းပါပဲကိုဒေါင်းရယ်"

'နားလည်ပါတယ်ဆရာ'

"တလကျော်နှစ်လလောက်ရှိတော့ စာ လည်းရတယ်၊ လူကိုယ်တိုင်လည်း 'ပဲရစ်ပြန်မောင် မောင်လေး' အိမ်ကိုရောက်လာတယ်၊ ယခင်လည်း မောင်မောင်လေးက ရောက်ဘူးပါတယ်၊ ခုတခါတော့ အထက်တန်းအရာရှိ သာသနာရေးဦးစီးဌာနက 'ဒေါ်တင်တင်လှ'နဲ့တွေ့ရန်တဲ့"

'ဟုတ်ကဲ့ဆရာ'

"ဒေါ်တင်တင်လှဆိုတာလည်း ဒီတုန်းက ပြည်ထဲရေးဒုတိယဝန်ကြီး 'ဦးပေါ်သိမ်း'ရဲ့ ခယ်မ ဖြစ်တယ်လေ၊ ကမ္ဘာအေးလိုဏ်ဂူမှာရှိတဲ့ သာသနာရေး ဦးစီးဌာနရောက်တော့ ကိုမောင်မောင်လေးကို အသင့်

တွေ့ရပါတယ်၊ ကိုမောင်မောင်လေးက တဆင့် ဒေါ်တင်တင်လှရုံးခန်းဆီကို ပို့ဆောင်ပေးပါတယ်၊ ရုံးတွေထဲမှာကမ္ဘာ့အေးသာသနာရေးဦးစီးဌာန ရုံးကတော့ပိုသန့်တယ်၊ ပိုရှင်းတယ် ပိုပြီးတိတ်ဆိတ်ပါတယ်”

‘ဒေါ်တင်တင်လှက ဆရာ့ရဲ့ ယုဒသန်နှင့်မြန်မာ ရွှေပြည်အကြောင်းကို ဘာများမေးသေးသလဲဆရာ’

“ဒါကို ပြောဘို့ပါပဲ၊ ဒေါ်တင်တင်လှက စပြောတာက ဘာကိုးကွယ်သလဲတဲ့၊ ဗုဒ္ဓဘာသာမဟုတ်လားတဲ့၊ ကိုယ်က ရိုးရိုးသားသားပဲ ဗုဒ္ဓဘာသာကိုးကွယ်ကြောင်းပြောပါတယ်၊ တခြားတော့ ဘာမှလည်း မမေးဘူး၊ ဘာမှလည်းမပြောဘူး၊ ဒါနဲ့ ကိုယ်လည်း အားလုံးကိုနှုတ်ဆက်ပြီးပြန်ခဲ့တယ်”

‘ဒါနဲ့ဆရာရယ်၊ ဒီ ယုဒသန်နှင့်မြန်မာရွှေပြည် ကိစ္စကို ဘယ်ဆက်သွားရသေးသလဲ’

“အိမ်နဲ့တော့ သိပ်မဝေးပါဘူး၊ ‘မြို့မကျောင်း’ ကနေသွားရင် တဆက်တည်း တန်းတန်းပါပဲ၊ ကိုယ်တို့ အိမ်နဲ့လည်းမဝေးလှဘူးပေါ့၊ အဲဒီမှာ‘သမိုင်းသုတေသန ဦးစီးဌာန’ရှိတယ်၊ အင်းပေါ့လေ၊ သာသနာရေးဦးစီး ဌာနကနေ သမိုင်းသုတေသနဦးစီးဌာနကိုပေါ့ကွယ်”

‘ဟုတ်ကဲ့ဆရာ၊ ဘယ်သူတွေနဲ့များတွေ့ရပါသေးသလဲဆရာ’

“ဒီတုန်းကဖွဲ့စည်းပုံအရကတော့ ညွှန်ကြားရေးမှူးချုပ်ကတော့ ဒေါက်တာ‘အုန်းခိုင်’ဖြစ်တယ်၊ အထက်တန်းအရာရှိက ဒေါက်တာခင်လှဟန်၊ ပြီးတော့ ကျွမ်းကျင်သူပညာရှင်ကတော့ ‘ဦးရည်စိန်’ပါပဲ”

‘ဟုတ်ကဲ့ဆရာ၊ ပြောပါ’

“ညွှန်ကြားရေးမှူးချုပ်ကလည်း များများစားစားမမေးလှပါဘူး၊ ဒေါ်တင်တင်လှလောက်ပဲ မေးတယ်၊ ဒေါက်တာခင်လှဟန်က (ဦးသိန်းဟန်) ဆရာ‘ဇော်ဂျီ’ရဲ့သမီးပဲ၊ ဆရာဇော်ဂျီကိုယ်တိုင် ဒီ သမိုင်းသုတေသနဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ် လုပ်ခဲ့ဘူးပါတယ်၊ မေးတဲ့သူတွေ သိပ်မရှိတော့ ကိုယ်ကပဲပြောပါတယ်”

‘ဆရာပြောတာကို နားထောင်ပါရစေဆရာ’

“ဒီ ယုဒသန်နှင့်မြန်မာရွှေပြည်ပြီးသွားရင် ကျနော့အနေနဲ့ ‘ရွှေတိဂုံတောင်ဘက်မုခ်ရှုခင်း’ ဆိုတာကို ရေးသားဘို့ လုပ်ထားပါတယ်၊ ရွှေတိဂုံတောင်ဘက် မုခ်ရှုခင်းကိုကြည့်တဲ့အခါ အဝေးကတစ်ခုနဲ့ အနီးက တစ်ခုရှိပါတယ်၊ အဝေးကိုလှမ်းကြည့်လိုက်ရင် မြို့မကျောင်းကြီးရယ်၊ သူ့ရှေ့က ဂရိတ် ‘ဦးဘိုးစိန်’ ရွက်ဖျင်ထိုးပြီးဇာတ်ကခဲ့တဲ့ ‘မဏ္ဍိုင်’ကွင်းကြီးရယ်၊ မြို့မကျောင်းကြီးရဲ့နောက်ဘက်နားမှာတော့ သာယာဝတီမင်းရဲ့သားတော်ကြီး ‘ပုဂံမင်း’ လှူဒါန်းခဲ့တဲ့ ‘အိမ်တော်ရာဘုရား’ ရှိပါတယ်”

‘ဟုတ်ကဲ့ဆရာ၊ ပြောပါဦးဆရာ’

“ရွှေတိဂုံဘုရားနဲ့ တစတစနီးလာတဲ့အခါ ဆေးသုတေသနလမ်းမှာရှိတဲ့အိန္ဒိယပြည်ရဲ့နောက်ဆုံး ဘုရင်ကြီး ‘မဂိုဘုရင် ဗဟာဒူးရှားဇဖား’ ရဲ့အုတ်ဂူကြီးရယ်၊ ဆက်ပြီး ဘုရားကြီးဆီလျှောက်လာရင် ဘုရားကြီး မရောက်မီရှေ့မှာဆိုရင် သီပေါဘုရင်ရဲ့မိဖုရား ‘စုဖုရားလတ်’ရဲ့အုတ်ဂူ၊ သူ့ရဲ့နောက်ဘက်နားမှာတော့ ‘ကန်တော်မင်’ပန်းခြံနဲ့ ‘မြောင်းမြသူဌေးဘလှ’လှူဒါန်း စိုက်ထူခဲ့တဲ့ ‘ဦးဝိစာရ’ကျောက်တိုင်တွေပါပဲ”

‘ဒီတော့ သူတို့တွေ ဘာတွေများပြောကြသလဲဆရာ’

“ဒေါက်တာခင်လှဟန်ကတော့ ဝမ်းသာအားရနဲ့ ရေးဖြစ်အောင်ရေးစေချင်ကြောင်း ပြောပါတယ်၊ အဲဒီမှာ စကားအဖွဲ့ကျရာက နောက်ပိုင်းမှာ ‘ဦးရည်စိန်’နဲ့ များစွာပဲခင်မင်ရင်းနှီးသွားပါတော့တယ်”

‘သမိုင်းသုတေသနဦးစီးဌာနနဲ့ သာသနာရေးဦးစီးဌာနတွေတော့ ပြီးပြီ၊ နောက်ထပ် ဘယ်ကိုများတက်ရသေးသလဲဆရာရယ်’

“နောက်ထပ်ကတော့ စာပေစိစစ်ရေးဌာနပေါ့ ကိုဒေါင်း၊ ပြီးတော့ သူကဘာမှလည်းမပြောဘူး၊ တခါတည်း ပြန်လမ်းမရှိဘဲလေ”

‘ပြောပါဆရာ၊ နားထောင်ပါရစေ’

“ကိုယ်နဲ့က ခရစ်ယာန်မိတ်ဆွေတယောက်လည်းပါလာတယ်၊ သူတို့ကပြောပါတယ်၊ ခရစ်ယာန်မှ ခရစ်ယာန်အကြောင်းရေးရမယ်၊ မူဆလင်မှ မူဆလင် အကြောင်းရေးရမယ်ဆိုတော့ ကိုယ်ကပြောပါတယ်၊ ကန်တော်ကြီးသွားပြီးတော့ နှစ်ခြင်းတော့မခံနိုင်ဘူး၊ ဒီစည်ပိုင်းထဲမှာပဲ နှစ်ခြင်းခံမယ်၊ ခင်ဗျားတို့ ဘယ်လို ခရစ်ယာန်မျိုးလိုချင်ပါသလဲ၊ ခု ကျနော်နဲ့ပါလာတဲ့

မိတ်ဆွေက အင်းစိန်ကျမ်းစာသင်ကျောင်းကပါပဲ၊ ပြောပါ"

'ဒီတော့ သူတို့ ဘာများပြောသေးသလဲ ဆရာ'

"သူတို့မပြောခင် ကိုယ်ကပဲဆက်ပြောပါတယ်၊ ခရစ်ယာန်အကြောင်း ပြီးတော့ နောက်တခါ 'ရှားဇဖား'မူဆလင်ဘုရင်ကြီးအကြောင်းရေးမယ်၊ မူဆလင်ဘာသာဝင်တွေလို 'ရှင်မပြုရသေးရင်' ဘယ်သူပြုပေးမလဲ၊ ပြောကြပါလို့ စိတ်ဆိုးဆိုးနဲ့ ပြောမိတယ် ကိုဒေါင်း"

'သူတို့ ဘာတွေများပြောသေးသလဲဆရာ'

"သူတို့ကတော့ မပြောပါဘူး၊ ဒါပေမင့် ကိုယ့်ကို ဝါဒဖြန့်ကြတယ်လေ၊ 'တော်တော်ဆိုးတဲ့ စာရေးဆရာ' တဲ့"

**ဆရာယုဒသန် [၁၅၀] နှစ်နှင့် [၁၇၅] နှစ်**

'ဆရာယုဒသန်အတွက် နှစ် ၁၅၀ ရော၊ နှစ် ၁၇၅ နှစ်ပါ လုပ်ခွင့်မရခဲ့တာသိရပါတယ်ဆရာ၊ ဒါကိုလည်း ပြောပြပါဦးဆရာ'

"သေချာတာပေါ့ကိုဒေါင်း၊ ဆရာယုဒသန်တို့ ဇနီးမောင်နှံဟာ မြန်မာနိုင်ငံကိုရောက်တာ ၁၈၁၃ ခုနှစ် ဆိုတော့ (၁၉၆၃–၁၈၁၃) ခုနှစ်မှာ နှစ်ပေါင်း ၁၅၀နှစ် ရှိပြီလေ၊ ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းက အာဏာသိမ်းတော့ ၁၉၆၃ ခုနှစ်မှာဘာမှလုပ်လို့မရပါဘူး၊ အစစအရာရာ အခြေအနေတွေကိုစောင့်ကြည့်ကြရပါတယ်"

'ဒီအချိန်ကဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ခရစ်ယာန်တွေအနေနဲ့ ဘယ်လိုမှစိတ်ကောင်းနိုင်ကြမှာ မဟုတ်ဘူး'

"သေချာတာပေါ့ကွယ်၊ ဆရာယုဒသန် နှစ် ၁၅၀ အစား ခရစ်ယာန်တွေဆီရောက်လာတာကတော့ ကျောင်းများကို ပြည်သူပိုင်ပြုလုပ်တဲ့ပွဲပါပဲဗျာ"

'ဒီကိစ္စနည်းနည်းလောက်ပြောပြပါလားဆရာ'

"မူလခရစ်ယာန်အသင်းခေါင်းဆောင်တွေနဲ့ အကြီးအကဲတွေရဲ့အစီအစဉ်အရ ခရစ်ယာန်စာသင်ကျောင်းတွေနဲ့ ဘုရားရှိခိုးကျောင်းတွေဟာ တဆက်တစပ်တည်းပါပဲ၊ ဒါကိုပြည်သူပိုင်လုပ်တော့ စာသင်ကျောင်းနဲ့ ဘုရားရှိခိုးကျောင်း ခွဲခြားကန့်သတ်ပစ်ရတာကိုး"

'ဟုတ်ကဲ့ဆရာ ပြောပါ'

"အလုံမစ်ရှင်ဝင်းအတွင်းမှာဆိုရင် (ယခင်) မန်းဂိုနီးထွန်းအောင်ရဲ့ 'ဘရေတန်အထက်တန်းကျောင်း' ကတခု၊ မနီးမဝေးက 'ဘရေတန်' ဘုရားရှိခိုးကျောင်းကတခု၊ အတော်ကိုကြိုးစားပြီး ခွဲခြားသတ်မှတ်ရပါတယ်"

'ဒါပဲလားဆရာ'

"ဘယ်ကဦးမလဲကိုဒေါင်းရဲ့၊ 'ပဲခူး'ကရင် ကျောင်းဝင်းအတွင်းကဆိုရင် စာသင်ကျောင်းနဲ့ ဘုရားကျောင်းကတော့ ပြဿနာမရှိပါဘူး၊ ဘုရားရှိခိုးကျောင်းနဲ့မော်တော်ကားလမ်းအနီးမှာရှိနေတဲ့ မြေကွက်လပ်ပေါ်မှာ ကုန်သွယ်ရေးဂိုဒေါင် လုပ်ပစ်တာတော့ ယနေ့တိုင်ကြည့်မကောင်းပါဘူး"

'ကျနော်တို့သတင်းကြားသလောက်ကတော့ဆရာ၊ ဒီလိုအဖြစ်အပျက်မျိုး တချိန်က ခရစ်ယာန်စာသင်ကျောင်းတွေ စည်စည်ကားကားရှိခဲ့တဲ့ အရပ်တိုင်းမှာ ခုလိုကသိကအောက်ဖြစ်ကြတာပဲတဲ့ဆရာ'

"သေချာတာပေါ့ကိုဒေါင်းရယ်၊ မြိတ်က 'မော်ရိုး'အထက်တန်းကျောင်းလို၊ ဗန်းမော်က အထက်တန်းကျောင်းလို၊ တောင်ငူကကျောင်းတွေလိုပဲ အများအပြားပါပဲကွယ်၊ ဒါတွေက ခံရတဲ့သူတွေအတွက် အရိုးတွေနစ်နေတယ်လေ"

'ဆရာယုဒသန်အတွက် နှစ် ၁၅၀ ပြီးတော့ နှစ် ၁၇၅ နှစ်ရော လုပ်ဖြစ်သေးသလားဆရာ'

"အင်း လေ၊ (၁၉၆၃–၁၈၁၃) ခုနှစ်မှာက နှစ် ၁၅၀ ဖြစ်တယ်၊ တခါ(၁၉၈၈–၁၈၁၃) ခုနှစ်မှာက နှစ် ၁၇၅ နှစ်ဖြစ်ပြန်ရော၊ သူ့ဟာနဲ့သူလုပ်ကြရမယ့် နှစ်တွေမှာ နှစ်ပါတ်လည်အခမ်းအနားတွေက ဘယ်ဖြစ်ပါ့မလဲ ကိုဒေါင်းရယ်၊ ဆရာယုဒသန်ကိုကလည်း အဖြစ်ကဆိုးပါတယ်ဗျာ"

'ဟုတ်ကဲ့ဆရာ၊ ကိုယ်ကိုယ်တိုင်ခရစ်ယာန် မဟုတ်ပေမင့် စိတ်မကောင်းပါဘူးဆရာရယ်'

"၁၉၈၈ ခုနှစ်မှာလုပ်ရမယ့် နှစ် ၁၇၅ နှစ်ကို ၁၉၉၀ ခုနှစ်ကျော် ရွေးကောက်ပွဲတွေပြီးတော့မှပဲ ရန်ကုန်မြို့ 'စိန့်ဂျွန်း' လမ်းကကွင်းပြင်ကြီးမှာ လုပ်ဖြစ်ပါတော့တယ်"

(ဆက်လက်ဖော်ပြပါမည်)

# What a punishment sinning against God in secret!

2 Samuel 12:11-13
11 "This is what the LORD says: 'Out of your own household I am going to bring calamity upon you. Before your very eyes **I will take your wives and give them to one who is close to you, and he will lie with your wives in broad daylight**. 12 **You did it in secret, but I will do this thing in broad daylight** before all Israel.'" 13 Then David said to Nathan, "I have sinned against the LORD."

2 Samuel 16:20-22
20 Absalom said to Ahithophel, "Give us your advice. What should we do?"
21 Ahithophel answered, "Lie with your father's concubines whom he left to take care of the palace. Then all Israel will hear that you have made yourself a stench in your father's nostrils, and the hands of everyone with you will be strengthened. " 22 So **they pitched a tent for Absalom on the roof, and he lay with his father's concubines in the sight of all Israel.**

2 Samuel 12:15
15 After Nathan had gone home, **the LORD struck the child that Uriah's wife had borne to David, and he became ill.**

2 Samuel 12:18
18 On the seventh day **the child died**. **What a blessing for doing good in secret!**

Matthew 6:3-4
3 But **when you give** to the needy, **do not let your left hand know what your right hand is doing**, 4 so that **your giving may be in secret** . Then **your Father, who sees what is done in secret , will reward you**.

Matthew 6:5-6
6 But **when you pray**, **go into your room, close the door and pray to your Father**, who is unseen. Then **your Father, who sees what is done in secret , will reward you**.

Matthew 6:16-18
17 But **when you fast**, put oil on your head and wash your face, 18 **so that it will not be obvious to men that you are fasting, but only to your Father**, who is unseen; and **your Father, who sees what is done in secret , will reward you.**

**Best regards,**
**Rev. Dr. Sai Htwe Maung**

# စာမူများဖိတ်ခေါ်ခြင်း၊

**မြန်မာခရစ်ယာန်** စာစောင်တွင် နိုင်ငံရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ ဘာသာရေးနှင့် ဂိုဏ်းဂဏများ အချင်းချင်း ထိခိုက် စေမှုကင်းသော၊ ကဗျာ၊ ဆောင်းပါး၊ ဓါတ်ပုံ၊ သက်သေခံချက်၊ သတင်းတိုထွာများကိုပေးပို့ပါရန် ခရစ်တော်၏ နာမတော်မြတ် ၌ ဖိတ်ခေါ်အပ်ပါသည်။

ဤစာစောင်ကို လစဉ်ပုံမှန်အလိုရှိသောသူများ၊ သက်ဆိုင်ရာ မိမိတို့၏အသင်းတော်အသီးသီး၌သော်၎င်း၊ အောက်ဖော်ပြပါလိပ်စာ၌သော်၎င်း၊ မှာကြားနိုင်ပါသည်။


Myanmar Christian Communication Service
1-11-13 Shin Ohashi
Yonezawa Bldg.4.F.
Koto-ku 135-0007
Tokyo, Japan

☏- & 🖷 - 03-5625-9056
e✉ - haukhek@yahoo.com
e✉ - lianthang@hotmail.com


To.